# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၉)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၉-၉-၂၀၂၄၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ်။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၈**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် လျန်ယွင်ကန်မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိကြီးများလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြပြီး အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

**နေပြည်တော် စက်တင်ဘာ ၈**

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၇၀ ခန့်၊ သံတွဲမြို့၏ အနောက်ဘက် ရေမိုင် ၄၄၀ ခန့်၊ အိန္ဒိယနိုင်ငံ ကာလင်ဂါပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၁၄၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၀၅ မိုင်ခန့်၊ ပါရာဒစ်ပ်မြို့၏ တောင်ဘက် ရေမိုင် ၁၀၀ ခန့်၊ ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက်

စာမျက်နှာ ၃ သို့

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၁ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် ကူးစက်ရောဂါနှင့် မကူးစက်တတ်သော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျေးလက်ဒေသများရှိ ကျန်းမာရေးဌာနများအထိ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို လုံလောက်စွာဖြန့်ဖြူးပေးလျက်ရှိသည်။

Mpox ရောဂါသည် မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှုမရှိသေးကြောင်း၊ ပြည်တွင်းသို့ လာရောက်သည့် နိုင်ငံတကာအဝင်ဂိတ်ပေါက်များမှ ဝင်ရောက်လာမည့် ခရီးသည်များမှတစ်ဆင့် ကူးစက်ဖြစ်ပွားမှုမရှိစေရေး စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ Mpox ရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန်ရောဂါမဟုတ်ဘဲ ရောဂါဖြစ်သူနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုသာ ကူးစက်နိုင်သည့် ရောဂါဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနိုင်သည့် လူအုပ်စု (Special targeted group) များအလိုက် အသိပညာပေးကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မကူးစက်နိုင်သောရောဂါများ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်များမှ ဆေးဝါးများကိုလည်း ပြည်သူများထံ ထိရောက်စွာရောက်ရှိရေးအတွက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar CDC) ၌ Virtual စနစ်ဖြင့် ကျင်းပသည့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျန်းမာရေးဌာနများနှင့် ဆေးရုံများဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ကုသရေးဦးစီးဌာန ဆေးရုံများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မုံရွာမြို့နယ်စာရေးဆရာအသင်း စာဖတ်ဝိုင်းကျင်းပ

**မုံရွာ စက်တင်ဘာ ၈**

မုံရွာမြို့နယ်စာရေးဆရာအသင်းနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) တို့ ပူးပေါင်း၍ (၈၉)ကြိမ်မြောက် စာဖတ်ဝိုင်းကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက မုံရွာခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မုံရွာမြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်လွင်က အဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက စာဖတ်ဝိုင်းကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)က ထုတ်ဝေသည့် ၂၀၂၄ ခုနှစ်ထုတ် မြတ်ပန်းသဇင်မဂ္ဂဇင်းပါ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုနှင့် အက်ဆေးတို့ကို စာရေးဆရာ မြင့်အောင်(ရွှေဘိုသား)က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသည့် စာပေဝါသနာရှင်များက မြင်သည့်ရှုထောင့်ပေါင်းစုံက ဝိုင်းဝန်းဆွေးနွေးကြသည်။

(၈၉)ကြိမ်မြောက် စာဖတ်ဝိုင်းသို့ မုံရွာမြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင်များ၊ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များအပြင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ တက်ရောက်၍ စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။

(အောက်ပုံ)

(၃၉၄)



## မြို့နယ်အဆင့် Grade-12 ဘာသာရပ် ဆွေးနွေးပွဲပြုလုပ်



**ကျောက်ဆည် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်းများ၌ Grade-12 သင် ဆရာ၊ ဆရာမများ၊ အခြေခံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရေးကြီးသော လူသားအရင်းအမြစ်များ အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်အဆင့် Grade-12 ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာခန်းမတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များသည် အဓိကကျကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည့်အတွက် Grade-12 ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဘာသာရပ်အလိုက် ဆွေးနွေးပွဲများ ဆက်လက် ကျင်းပပြုလုပ်ခဲ့သည်။

ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်းအားဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Grade-12 တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှုစွမ်းရည်မြင့်မားခြင်း၊ သိမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်များအလိုက် ထိရောက်အောင်မြင်သော သင်ကြား၊ သင်ယူမှုများ ရရှိစေခြင်း၊ တတ်မြောက်မှုကိုစစ်ဆေးရာ၌ မေးခွန်းကောင်းတို့၏ အင်္ဂါရပ်များနှင့် ကိုက်ညီပြီး တီထွင်ဖန်တီးနိုင်မှုစွမ်းရည်၊ တွေးခေါ်မြော်မြင်မှုစွမ်းရည်ကို ဖော်ပြသော စစ်ဆေးတိုင်းတာမှုဖြစ်ခြင်း၊ တက္ကသိုလ်စာမေးပွဲအောင်ချက်မြင့်မားခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်းနှင့် ဘာသာရပ်ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ Grade-12 ဘာသာရပ်သင် ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

၀-၀-၀-၀-၀

## ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ သန့်ရှင်းသာယာလှပရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်း

**ညောင်ဦး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ်သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ညောင်ဦးမြို့ပတ်လမ်းဘေး ဝဲယာရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခြင်းကို "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ်(စနေနေ့တိုင်း) အရှိန်အဟုန်မပြတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရပြီး ယမန်နေ့က Bagan Plastic Campaign အဖွဲ့ဝင်များ စုပေါင်းအဖွဲ့က ညောင်ဦးမြို့ မြန်မာ့စီးပွားရေးဘဏ်အရှေ့ဘက် လမ်းကြားတွင် စုရပ်ပြုလုပ်ကာ မြို့ပတ်လမ်းဘေး ဝဲယာ ရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပရေးအတွက် စွန့်ပစ်ပလတ်စတစ်အမှိုက်များ ပါဝင်ကူညီရှင်းလင်းဆောင်ရွက်ကြသူများကို စေတနာအလှူရှင်များက သောက်ရေသန့်၊ Royal-D အားဖြည့်အချိုရည်ဘူးများနှင့် ကောက်ညှင်းပေါင်းများဖြင့် ကျွေးမွေးလှူဒါန်းပေးခဲ့သည်။

Bagan Plastic Campaign အဖွဲ့အနေဖြင့် ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းများ ကင်းဝေးပြီး သတ်မှတ်အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျအမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းကို အပတ်စဉ်(စနေနေ့တိုင်း)ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ အများပြည်သူသွားလာသော ကားလမ်းမကြီးဘေး ဝဲယာများနှင့် မြို့အဝင်၊ အထွက်နေရာများရှိ စည်းကမ်းမဲ့စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အရှိန်အဟုန်မပြတ်ကောက်ယူရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၄၅)

**သတင်းများOnline မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၈

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်မှ တာဝန်ရှိသူများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဂုဏ်ပြုသီဆို

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယကပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကမ္ဘာပေါ်တွင်ရှိသည့် လူတိုင်း စာတတ်မြောက်စေရန် တွန်းအားပေးသည့်အနေဖြင့် နှစ်စဉ်စက်တင်ဘာလ ၈ ရက်နေ့ကို "နိုင်ငံတကာ စာတတ်မြောက်ရေးနေ့" အဖြစ် သတ်မှတ်ထားကြောင်း၊ ၁၉၆၆ ခုနှစ်မှစတင်၍ ယူနက်စကိုအဖွဲ့က ဦးဆောင်လျက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင်လည်း ယူနက်စကိုအဖွဲ့ကြီးအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နှိုးဆော်မှုဖြင့် နိုင်ငံသူနိုင်ငံသားတိုင်းကို စာမတတ်သူများအဖြစ်မှ စာတတ်မြောက်လာသူများ ဖြစ်လာအောင် တွန်းအားတစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်ခဲ့သည့် မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ နိုမာဆုကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့မှုသည် မြန်မာနိုင်ငံ၏ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများကို ကမ္ဘာက အသိအမှတ်ပြုခဲ့သည့် အောင်မြင်မှုများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် ကဏ္ဍသုံးရပ်တွင် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဦးတည်ချက်များအနက် လူမှုရေးကဏ္ဍတွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ဟူသောဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး ပညာရေးမှာ လူတိုင်းတက်ရောက်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး (Formal Education) ကဏ္ဍအပြင် ကျောင်းပြင်ပပညာရေး(Non-Formal Education)ကဏ္ဍဖြင့်ပါ ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **"အပြန်အလှန် နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန် လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့" "Promoting multilingual education: Literacy for mutual understanding and peace"** ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများရရှိရုံသာမက မိမိတို့၏နိုင်ငံတွင်း၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေရန် စွမ်းဆောင်ပေးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

### လျှော့ချနိုင်မည်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စာမတတ်သူဦးရေ လျှော့ချနိုင်ရေးအတွက် စာတတ်မြောက်အောင် သင်ကြားပေးခြင်းဖြင့် သန်းခေါင်စာရင်းအရ စာမတတ်သူဦးရေကို နှစ်အလိုက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စာဖတ်ရှိန်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လူနေမှုဘဝမြင့်မားရေးတို့အတွက် အသိပညာပေးခြင်းအစီအစဉ် သုံးခုပါဝင်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းများ၊ ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်ရွှင်က ဖတ်ကြားပြီး စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှု ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

### ❁ ရွှေ့ဖုံးမှ

ရေမိုင် ၁၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၈ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေ-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဒီဂါမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက် အကြံပြုချက်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ မန္တလေးမြို့ပေါ် ၇ မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၅၂၆၉၇ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ





**မန္တလေး၊ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် မန္တလေးမြို့ပေါ် ၇ မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၅၂၆၉၇ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော် ၄၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ ၃ ကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်သီတင်းသုံးတော်မူကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းကိစ္စအဆင်ပြေစေရန် ရည်ရွယ်၍ ဆွမ်းဆန်တော် ပစ္စယာနုဂ္ဂဟအဖြစ် လှူဒါန်းရခြင်းအကြောင်း၊ ဆရာတော်များ ပရိယတ္တိ၊ ပဋိပတ္တိများကို စိတ်ချမ်းမြေ့စွာ အားထုတ်သင်ကြားနိုင်ရန်၊ သာသနာတော်ကြီးအဓွန့်ရှည် တည်တံ့ခိုင်မြဲရန် သာသနာ့ကိစ္စအဝဝကို လစ်ဟင်းမှုမရှိအောင် ဆရာဒကာလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည့်အကြောင်း စသည်ဖြင့် သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။



၎င်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုပြီး ဆရာတော်သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးက ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များထံ ဝါဆိုသင်္ကန်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံက အနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် နေ့ဆွမ်းများ ဆက်ကပ်ခဲ့သည်။

ယနေ့ပြုလုပ်သောလှူဒါန်းမှု၌ မန္တလေးမြို့ပေါ် ၇ မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရတို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ ၄၆၇၀၁ ပါး၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၅၉၉၆ ပါး စုစုပေါင်း ၅၂၆၉၇ ပါးတို့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆွမ်းဆန်တော် ၆၅၈၇ ဒသမ ၁ တင်း၊ ဆီ ၁၃၁၇၄ ဒသမ ၂၅ပိဿာ၊ ကြက်သွန်နီ ၁၃၁၇၄ ဒသမ ၂၅ ပိဿာ၊ ကုလားပဲ ၁၃၁၇၄ ဒသမ ၂၅ ပိဿာ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၈ ဒသမ ၇၀ သန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**







# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ တိုင်း/ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "ပညာသည်သာ ရတနာ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။






အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးအနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပညာရေးကဏ္ဍတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် အမြဲမပြတ် အားပေးဖြည့်ဆည်းပေးနေပါကြောင်း၊ ၂၁ ရာစုပညာခေတ်တွင် စာတတ်မြောက်ရေးသည် အားလုံးနှင့်သက်ဆိုင်ပြီး လူတစ်ဦးချင်း၏ အရေးမဟုတ်ဘဲ လူတိုင်း၏ အရေးဖြစ်ပါကြောင်း၊ လူတိုင်း စာတတ်မြောက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၄ခုနှစ် နွေရာသီကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းများကို နာရီပေါင်း ၁၂၀ အထိ လေ့ကျင့်သင်တန်းပေးခဲ့ရာ မြို့နယ်ပေါင်း ၁၃ မြို့နယ်၊ စာသင်ဝိုင်းပေါင်း ၁၈၀ ဝိုင်းတို့ဖြင့် စာသင်သား ၂၄၄၀ ဦးတို့ကို သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်အောင်မြင်မှုများ ဖြစ်ထွန်းလာစေရေးအတွက် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများကို ထိရောက်စွာအသုံးချနိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားလေ့လာသင်ယူနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ UNESCO ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာ စာတတ်မြောက်ရေး အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ဖတ်ကြားပြီး ၂၀၂၄ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်မှု video clip အား ပြသခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်းနှင့် နိုင်ငံတကာစာတတ်မြောက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀









သတင်း-စာမျက်နှာ ၄











သတင်း-စာမျက်နှာ ၅





## မိတ္ထီလာခရိုင်အဆင့် အခမ်းအနားမှူးသင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ လူထုအခြေပြု ဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ခရိုင်အဆင့် အခမ်းအနားမှူးသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ အခမ်းအနားမှူးတာဝန်များအား အဆင်ပြေချောမွေ့ကောင်းမွန်စွာဆောင်ရွက်နိုင်သူများ ပိုမိုပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် စက်တင်ဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့ထိ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်သည်။ ၎င်းသင်တန်းသို့ ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များမှ ပညာရေးဝန်ထမ်းသင်တန်းသူ ၅၂ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ (၄၅၃)

### ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် (NGB)

| | | | | |
|---|---|---|---|---|
| လူဇင်ဘတ် | ၀ | - | ၁ | ဘီလာရုစ် |
| ဆလိုဗက်ကီးယား | ၂ | - | ၀ | အဇာဘိုင်ဂျန် |
| ဂျီဘရော်လ်တာ | ၂ | - | ၂ | လစ်ချင်စတိန်း |
| ဒိန်းမတ် | ၂ | - | ၀ | ဆားဘီးယား |
| ဘူလ်ဂေးရီးယား | ၁ | - | ၀ | မြောက်အိုင်ယာလန် |

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Shogun Season သစ်ကို ၂၀၂၅ခုနှစ်တွင် စတင်ရိုက်ကူးမည်

၂၀၂၄ ခုနှစ်တွင် ထွက်ရှိခဲ့သည့် အက်ဖ်အိပ်ခ်ရုပ်သံလိုင်း၏ ဂျပန်စကားပြောသမိုင်းနောက်ခံဇာတ်လမ်းတွဲ Shogun အောင်မြင်မှုရရှိခဲ့၍ Season သစ်ကို ၂၀၂၅ ခုနှစ်တွင် စတင်ရိုက်ကူးမည်ဟု ဟီရိုယူကီဆာနာဒါက အတည်ပြုခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲမှာ စာရေးဆရာ ဂျိမ်းစ်ကာမယ်၏ ၁၉၇၅ ထုတ် ဝတ္ထု Shogun ကို ပြန်လည်ရိုက်ကူးထားရာ ၁၇ ရာစုကာလ ဂျပန်နိုင်ငံ၏ အာဏာလုပွဲနှင့် နယ်စားများကြား အားပြိုင်မှုများ ပြသထားရာ၊ သရုပ်ဆောင်၊ ထုတ်လုပ်သူ ဟီရိုယူကီဆာနာဒါက The Hollywood Reporter မဂ္ဂဇင်းအင်တာဗျူးတွင် Shogun Season သစ်ကို ထပ်မံရိုက်ကူးမည်ဟု ပြောကြားသွားသည်။

ယင်းအင်တာဗျူးတွင် ဝတ္ထုမရှိသော်လည်း သမိုင်းတွင် တကယ်ရှိခဲ့သည့် ရှိုဂန်းကြီးတို့ ကူဂါဝအီအဲယာဆု၏ အဖြစ်အပျက်များနှင့် ၎င်း၏အာဏာစက်တည်မြဲရာကာလများကို အခြေတည် ဖန်တီးသွားမည်ဖြစ်ကြောင်း ဟောလိဝုဒ်မဂ္ဂဇင်းတွင် ပြောကြားသွားသည်။

(SKY)

## Suga နှင့် V ဒယ်ဂူသားနှစ်ဦး ဝေဖန်တိုက်ခိုက် ခံရ

BTS အဖွဲ့ဝင် Daegu မြို့သားနှစ်ဦးဖြစ်သည့် Suga နှင့် V တို့မှာ လက်ရှိသင်တန်းကာလဖြတ်ကျော်နေကြပြီး အားလပ်ရက်အနားယူနေရာမှ မတော်တဆမှုကို ပုံကြီးချဲ့၍ ဝေဖန်တိုက်ခိုက်ခံခဲ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Suga သည် ၂၀၂၄ခုနှစ်တွင် Agust D နှင့် အကောင်းဆုံး K Pop Rapper ဆု၊ V ခေါ် Kim Taehyung သည် ၂၀၂၄ခုနှစ်တွင် အကျော်ကြားဆုံးနှင့် ရှာဖွေမှုအများဆုံး ကေပေါ့ပ်ကမ္ဘာ ရှာဖွေမှုတွင် နံပါတ်တစ်အပြင် အခြားဆုပေါင်းများစွာ ပိုင်ဆိုင်ထားသူ၊ မျိုးဆက်သစ်ကေပေါ့ပ်အနုပညာရှင်များ၏ စံပြဖြစ်ခဲ့သူဖြစ်သည်။

Suga ခေါ် Min Yoongi က သူ၏မထင်မှတ်ထားသောအမှားအတွက် ဦးစွာ ဝန်ခံတောင်းပန်ထားသည်ကို သတင်းဌာနများက အကျယ်တဝင့် ဖော်ပြခဲ့ကြပြီး သူ၏ Entertainment ကလည်း စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်၍ နားလည်မှုလွဲမှားခဲ့သည်ကို တောင်းပန်ထားသည်ကို တွေ့ရသည်။

V ခေါ် Kim Taehyung ကို လွန်ခဲ့သည့်နှစ်နှစ်က ဝယ်စားခဲ့သည့် နှစ်ဒေါ်လာတန် အာလူးကြော်နှင့် ဝေဖန်ခဲ့သည်ကို Mac Brand မှ ဖြေရှင်းပေးခဲ့ပြီးဖြစ်ရာ အချက်အလက်မှားများနှင့် တိုက်ခိုက်ခဲ့ကြသော်လည်း Daegu သားနှစ်ဦးမှာ အောင်မြင်မှုများစွာနှင့် တောက်ပနေကြဆဲဖြစ်သည်။

(SKY)





## နွားနို့ကိုပိုးသတ်ပြီးမှသာ သောက်သုံးသင့်သည်ဟု အမေရိကန်ဆေးသိပ္ပံပညာရှင်များ အကြံပြုထား

နွားနို့ကို ပိုးသတ်ပြီးမှသာ သောက်သုံးသင့်သည်ဟု အမေရိကန်ဆေးသိပ္ပံပညာရှင်များ အကြံပြုထားကြောင်း ယခုနှစ်အစောပိုင်းကပေါ်ထွက်ခဲ့သော ပြည်ထောင်စုအစားအစာနှင့် ဆေးဝါးကြီးကြပ်မှုအဖွဲ့အစည်း၏ အိတ်ဖွင့်ပေးစာတွင် အတည်ပြုဖော်ပြခဲ့သည်။

အန်နင်ဘာ့ဂ်လူထုမူဝါဒဌာနက ပိုးမသတ်ရသေးသောနွားနို့နှင့် ပိုးသတ်ပြီးနွားနို့ သောက်သုံးနေသည့်အခြေအနေကို မကြာသေးမီက ဆန်းစစ်လေ့လာခဲ့ရာ အရွယ်ရောက်ပြီး အမေရိကန်နိုင်ငံသား ၄၇ရာခိုင်နှုန်းသည် ပိုးသတ်ပြီးနွားနို့ကို ပိုမိုဘေးကင်းသည်ဟု လက်ခံယုံကြည်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ရာတွင် အမေရိကန်နိုင်ငံသား ၂၄ရာခိုင်နှုန်းသည် ပိုးသတ်ပြီးနွားနို့ကို ပိုမိုဘေးကင်းသည်ဟု လက်ခံယုံကြည်ခြင်းမရှိကြောင်း စစ်တမ်းကောက်ယူသိရှိခဲ့သည်။

စင်စစ်တွင် ပိုးသတ်ပြီးနွားနို့မှာ လူအများစုအတွက် ဘေးကင်းသည်ဟု သတ်မှတ်ရမည်သာဖြစ်သည်ဟု အန်နင်ဘာ့ဂ်လူထုမူဝါဒဌာန၏ညွှန်ကြားရေးမှူး ပက်ထရစ်ဂျေမီဆန်က ပြောကြားကြောင်း သိရသည်။

SCI

## Lisa နှင့် Rosalia တို့၏ New Woman MV နမူနာ ထွက်ရှိလာ

ထိုင်းလူမျိုးကေပေါ့ပ် အနုပညာရှင် Black Pink အဖွဲ့ဝင် Lisa ၏ ဂီတအယ်လ်ဘမ်သစ်တွင် Rosalia ပါဝင်ထားပြီး New Woman MV နမူနာ ထွက်ရှိလာခဲ့သည်။

အဆိုပါ ဂီတအယ်လ်ဘမ်သစ်ကို Ariana Grande ၏ No Tears Left To Cry၊ Billie Eilish ၏ Bad Guy၊ Sabrina Carpenter ၏ Espresso တို့၏ နာမည်ကြီးသီချင်းများ ရိုက်ကူးပေးထားသည့် Director Dave Meyers က ရိုက်ကူးပေးထားသည်။


Lisa က MTV တွင် မိန်းမဆန်ဆန် အကများနှင့် တင်ဆက်ထားပြီး တစ်ကိုယ်တော်အစွမ်းပြထားကာ Black Pink နှင့် အဖွဲ့လိုက် လှုပ်ရှားမှုများကိုလည်း ဆက်လက်လုပ်ကိုင်သွားမည်ဟု Elle Magazine အင်တာဗျူးတွင် ဖြေကြားသွားသည်။ (SKY)



## Prabhas က Salaar နှင့် အောင်ပွဲခံနိုင်သွား

Bahubali မင်းသား Prabhas သည် ရုပ်ရှင်သုံးကားထွက်ပြီး အရှုံးပေါ်ခဲ့ရာမှ Salaar နှင့် ရုပ်ရှင်လောကတွင် အောင်ပွဲခံနိုင်သွားခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင် ဘတ်ဂျက်ရှုပီး ကုဋေလေးရာ ရင်းပြီး ရိုက်ကူးထားရာမှ ကုဋေခုနစ်ရာ ပြန်ရခဲ့ကာ Prabhas အတွက် Bahubali ကားအပြီး သုံးကားဆက်တိုက် အရှုံးပေါ်ခဲ့ရာမှ အောင်ပွဲခံနိုင်သွားခဲ့သည်။




Prabhas ၏ Salaar အပိုင်းတစ်မှာ IMDb 6.6 ရရှိထားပြီး အပိုင်းနှစ်အတွက် ဇာတ်အိမ်ပိုမိုခိုင်မာအောင် နောက်ကြောင်းပြန်ထားသည့် အပိုင်းအများစုပါဝင်သည့် အက်ရှင်ဇာတ်ကားကြိုက်သူများ အားပေးထားကြသည်။

Prabhas နှင့် မင်းသမီး Shruti Haasan တို့ အဓိကပါဝင်ထားပြီး ဇာတ်ပို့ဇာတ်ရံများစွာနှင့် တင်ဆက်ထားခြင်းဖြစ်သည်။

(SKY)

## Black Pink အဖွဲ့လိုက်နှင့် တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်များ ထွက်ရှိလာ

ဘလက်ပင့်ခ်အဖွဲ့ဝင်များ ပွဲဦးထွက် ရှစ်နှစ်ပြည့်နှစ်ပတ်လည်ကို ဂုဏ်ပြုရန်အတွက် အဖွဲ့လိုက်ဂီတနှင့်အတူ ဂျင်းနီနှင့် ရိုစ်တို့၏ တစ်ကိုယ်တော်ဂီတများလည်း ထွက်ရှိလာမည်ဟု အေကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဖွဲ့ဝင်လေးဦးကို ဂုဏ်ပြုပွဲ ကျင်းပပေးခဲ့ရာမှ အနာဂတ်အစီအစဉ်များကို ပြောကြားခဲ့ကြရာ လီဆာက (2024 VMAS CMTV Video Music) ဆုပေးပွဲ တက်ရောက်ရန်ရှိပြီး သူ၏ New Woman မှာ မိန်းမဆန်သော ကကွက်များ ခင်းကျင်းထားသည်ဟု ပြောကြားသွားသည်။

ဂျင်းနီကလည်း တစ်ကိုယ်တော် ဂီတပြင်ဆင်မှုပြီးဆုံးလုနီးနေပြီဖြစ်ကြောင်း ရိုစ်ကလည်း အယ်လ်ဘမ်သစ်ထွက်ရှိမည်ဖြစ်ပြီး အထူးသီချင်း Vampirehellie ပါဝင်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျီဆိုက သူ၏သရုပ်ဆောင်ဇာတ်ကားအတွက် ဇာတ်ဝင်တေးဆိုရန် မသေချာသော်လည်း တစ်ကိုယ်တော်ဂီတအတွက် လုပ်ဆောင်နေသည်ဟု အသီးသီး ပြောကြားသွားသည်။

(SKY)

## Taylor Swift နှင့် Jung Kook က Spotify တွင် သီချင်းအများဆုံး ပိုင်ဆိုင်ထားကြ

၂၀၂၄ ခုနှစ် ကမ္ဘာ့ဂီတ Spotify တွင် သန်းငါးရာကျော်လွန်သွားသည့် သီချင်းအများဆုံး နှစ်ပုဒ်စီကို Taylor Swift နှင့် Jung Kook တို့နှစ်ဦး ရရှိထားကြသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။





Taylor Swift ၏ သီချင်းနှစ်ပုဒ်ဖြစ်သည့် Cruel Summer နှင့် Fortnight၊ Jung Kook ၏ သီချင်းနှစ်ပုဒ် Seven နှင့် Standing Next To You တို့ဖြစ်ပြီး Jung Kook မှာ သီချင်းအများဆုံး နှစ်ပုဒ်ထိ ပိုင်ဆိုင်ထားသည့် တစ်ဦးတည်းသော အမျိုးသားအနုပညာရှင်ဖြစ်ခဲ့သည်။

Jung Kook သည် Spotify Global Chart ၏ နံပါတ်တစ်နေရာကို ပထမဆုံးရရှိသည့် အာရှအဆိုတော်၊ ထိပ်ဆုံးငါးဦးစာရင်းဝင်၊ အမြင့်ဆုံးနှင့် အချိန်အကြာဆုံး ရပ်တည်နိုင်ခဲ့သည့် အာရှအဆိုတော် (Hate You, Seven, Yes or No, Golden) အယ်လ်ဘမ်နှင့် Spotify US Chart ၏ No.1 တွင် ပထမဆုံးနှင့် တစ်ဦးတည်းသော ကေပေါ့ပ်အဆိုတော်နှင့် အင်္ဂလန်၊ နယ်သာလန်၊ ပြင်သစ်၊ ဩစတြေးလျ၊ လစ်သူယေးနီးယားအပြင် Hanteo Chart, Melon Chart တို့တွင် စံချိန်ချိုးခဲ့သူ (Golden, Never Let Go) ဖြစ်သည်။

(SKY)

## အင်္ဂါဂြိုဟ်သို့သွားမည့် လူမပါသည့် အာကာသယာဉ် နှစ်နှစ်အတွင်း လွှတ်တင်မည်ဟု အီလွန်မတ်စ် ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၈**



အင်္ဂါဂြိုဟ်သို့သွားမည့် လူမပါသည့် အာကာသယာဉ်ကို လာမည့် နှစ်နှစ်အတွင်း လွှတ်တင်မည်ဟု စပေ့စ်အိတ်ခ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ် စက်တင်ဘာ ၇ ရက်က ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်နိုင်မှုအခြေအနေကို အကဲခတ်ရန်အတွက် လူမပါသည့် အာကာသယာဉ်လွှတ်တင်မည့်သဘောဖြစ်ပြီး အကယ်၍ ယင်းအစီအစဉ်အောင်မြင်ပါက နောက် ၄ နှစ်အတွင်း လူလိုက်ပါသော အင်္ဂါဂြိုဟ်သွား အာကာသယာဉ်ကို မိမိတို့ စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက ဆက်လက်လွှတ်တင်သွားမည်ဖြစ်ကြောင်း ၄င်းက ရှင်းပြသည်။

စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက လာမည့် ငါးနှစ်အတွင်း လူမပါသည့် အာကာသယာဉ်လွှတ်တင်မည်ဖြစ်ပြီး နောက် ၇ နှစ်အတွင်း လူလိုက်ပါသော အာကာသယာဉ် အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်နိုင်စေရမည်ဟု ဧပြီလက အီလွန်မတ်စ် ပြောခဲ့ဖူးသည်။

လပေါ်သို့ လူနှင့် ကုန်ပစ္စည်း ပို့ပေးနိုင်မည့် မျိုးဆက်သစ်အာကာသယာဉ်တစ်မျိုး လွှတ်တင်နိုင်ရန်အတွက်လည်း စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက ကြိုးပမ်းနေကြောင်း သိရသည်။

**Mon**

## အသက် ၇၀ အရွယ် မလေးရှားနိုင်ငံသား တိုဟုန်ကန်း ဖိလစ်ပိုင် ဆေးတက္ကသိုလ်တက်ပြီး ဆရာဝန်ဘွဲ့ရ



**မနီလာ စက်တင်ဘာ ၈**

ကမ္ဘာ့အသက်အကြီးဆုံး ဆေးကျောင်းသားအဖြစ် ဖိလစ်ပိုင် ဆေးတက္ကသိုလ်တက်ခဲ့သူ အသက် ၇၀ အရွယ် မလေးရှားနိုင်ငံသား တိုဟုန်ကန်း မကြာသေးမီက ဆရာဝန်ဘွဲ့ရခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၄င်းသည် လျှပ်စစ်အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ကာ အသက် ၆၀ အရွယ်တွင် အငြိမ်းစားယူခဲ့ပြီးနောက် အသက် ၆၅ နှစ်အရွယ်တွင် ဖိလစ်ပိုင်နိုင်ငံ ဆီဘူးကျွန်းရှိ အနောက်တောင် တက္ကသိုလ်တွင် ဆေးပညာသင်ယူခဲ့ခြင်းဖြစ်သည်။


တိုဟုန်ကန်းသည် ငယ်စဉ်ကတည်းက ဆေးပညာကို စိတ်ဝင်စားသဖြင့် ဆရာဝန်ဘွဲ့ရအောင်ယူခဲ့ခြင်း မဟုတ်ဘဲ အသက်ကြီးမှ စိတ်ကူးပေါက်ကာ ထိုဆေးတက္ကသိုလ်သို့တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ်အတွင်း အဝေးပြေးကားလမ်းပေါ်၌ သေနတ်ပစ်မှုဖြစ်ပွား

**ဝါရှင်တန် စက်တင်ဘာ ၈**



အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ်အတွင်းရှိ အဝေးပြေးကားလမ်းပေါ်တွင် စက်တင်ဘာ ၇ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လန်ဒန်ဟု အမည်ရသော မြို့ငယ်လေး တစ်မြို့အနီး လမ်းမပေါ် ဖြတ်သန်းမောင်းနှင်နေသော ကားအချို့ သေနတ်ပစ်ခတ်ခံရသည်ဟု သတင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ ချက်ချင်းပင် ရောက်ရှိလာခဲ့ကြသည်။

လူခုနစ်ဦး ဒဏ်ရာရရှိသည့်အနက် ငါးဦး၏ဒဏ်ရာပြင်းထန်ကြောင်း လော်ရဲလ်စီရင်စုနယ် ရဲတပ်ဖွဲ့မှူးက ထုတ်ဖော်ပြောကြားသည်။

ထိုသေနတ်ပစ်ခတ်မှု၏ အဓိကသံသယရှိသူမှာ အသက် ၃၂ နှစ်အရွယ် ဂျိုးဇက်အေကောက်ချ်ဖြစ်သည်ဟု ရဲစုံထောက်များ ဖော်ထုတ်နိုင်ခဲ့သည်။

ထို့နောက် အရပ် ၅ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ၁၅၄ပေါင်ရှိသော ယင်းသံသယရှိသူကို လက်ရဖမ်းဆီးနိုင်ရန် ရဲတပ်ဖွဲ့က ကြိုးစားနေကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ကင်ညာနိုင်ငံအလယ်ပိုင်း မိန်းကလေးကျောင်းတွင် ညပိုင်းမီးလောင်မှုဖြစ်ပွား ထိခိုက်ဒဏ်ရာရသူမရှိ

**နိုင်ရိုဘီ စက်တင်ဘာ ၈**

ကင်ညာနိုင်ငံအလယ်ပိုင်း အိုင်ဆီယိုလိုစီရင်စုနယ်ရှိ မိန်းကလေးကျောင်းတွင် စက်တင်ဘာ ၇ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိုင်ဆီယိုလိုလေဆိပ်မှ မီးသတ်ကားများ အခင်းဖြစ်နေရာသို့ ချက်ချင်းသွားရောက်မီးငြိမ်းသတ်ပေးခဲ့ပြီး ကျောင်းသူများနှင့် ကျောင်းဝန်ထမ်းများ ဒဏ်ရာမရရှိခဲ့ကြောင်း ကင်ညာကြက်ခြေနီအဖွဲ့က အတည်ပြုသည်။

လူပေါင်း ၂၁ ဦး သေဆုံးခဲ့သော ကျောင်းသား ကျောင်းအိပ်ကျောင်းစားအဆောင် မီးလောင်မှုအပြီး ၂ ရက်အကြာတွင် အဆိုပါ မိန်းကလေးကျောင်း မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ယာဂီအပူပိုင်းတိုင်ဖုန်းမုန်တိုင်း ပြင်းထန် ဗီယက်နမ်၌ လူလေးဦးထက်မနည်း သေဆုံး

**ဟန္နိုင်း စက်တင်ဘာ ၈**

ယာဂီအပူပိုင်းတိုင်ဖုန်းမုန်တိုင်း ပြင်းထန်စွာ ဖြတ်သန်းဝင်ရောက်လာရာ ဗီယက်နမ်နိုင်ငံ၌ လူလေးဦးထက်မနည်း သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါအင်အားပြင်းမုန်တိုင်းသည် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းဘက်မှ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းသို့ ရွေ့လျားလာခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဟိုင်ဖုန်းနှင့် ချွမ်နင်းပြည်နယ်နှစ်ခုအတွင်း တစ်နာရီ ၁၂၆ မိုင်အထိ ပြင်းထန်သောလေပြင်းများ တိုက်ခတ်ကာ မိုးသည်းထန် မြေပြိုမှုများ ဆက်တိုက်ဖြစ်ပွား၍ လူအသေအပျောက်ရှိပြီး ၇၈ ဦးခန့်လည်း ဒဏ်ရာရရှိခဲ့သည်။

ဟန္နိုင်းမြို့တော်အပါအဝင် မြောက်ပိုင်း ၁၂ ပြည်နယ်အတွင်းရှိ မြို့များ၌ စာသင်ကျောင်းများကို ပိတ်ထားဆဲဖြစ်သည်။

မြောက်ပိုင်းရှိ ဟိုင်ဖုန်းနှင့် ချွမ်နင်းပြည်နယ်နှစ်ခု၌ ၂၄ နာရီအတွင်း မိုးရေချိန် ၂၀ စင်တီမီတာကျော်အထိ စံချိန်တင်ရွာသွန်းခဲ့ရာ မြေပြိုမှုများ ဖြစ်ပွားလာမည်ကို စိုးရိမ်ရကြောင်း သိရသည်။

**Mon**

0-0-0-0-0








စက်တင်ဘာ ၇ ရက်၌ ကျရောက်သော ဘရာဇီးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ဆောပေါလိုမြို့၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် ဆန္ဒပြသူများကို သမ္မတဟောင်း ဘိုလ်ဆိုနာရိုဟောပြောနေစဉ်။ **Mon**

## တရုတ်အခြေစိုက် ချေရီမော်တော်ကားကုမ္ပဏီ ဗြိတိန်နိုင်ငံတွင် ကားများထုတ်လုပ်ရန် ချိန်ဆနေ



**လန်ဒန် စက်တင်ဘာ ၈**

တရုတ်အခြေစိုက် အင်အားအကြီးဆုံး မော်တော်ကားကုမ္ပဏီဖြစ်သည့် ချေရီက ဗြိတိန်နိုင်ငံတွင် ကားများထုတ်လုပ်ရန် ချိန်ဆနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၉၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ချေရီကုမ္ပဏီအနေဖြင့် စပိန်နိုင်ငံတွင် မော်တော်ကားစက်ရုံတည်ထောင်ကာ ဥရောပတစ်ဝန်းသို့ ကားအမျိုးမျိုးဖြန့်ဖြူးရောင်းချသွားရန် စီစဉ်ထားသည်။

ယင်းအစီအစဉ်နှင့် ချိတ်ဆက်ကာ ဗြိတိန်နိုင်ငံတွင်လည်း အဆိုပါကုမ္ပဏီက ကားစက်ရုံတည်ထောင်ရန် စီစဉ်သွားဖွယ်ရှိသည်ဟု လေ့လာသူများက သုံးသပ်သည်။

ဩဂုတ်လက ဗြိတိန်နိုင်ငံတွင် အိုမိုဒါဟု အမည်ပေးထားသောကားကို တရားဝင်မိတ်ဆက်ခဲ့ပြီးနောက် ချေရီကုမ္ပဏီက ဓာတ်ဆီနှင့် လျှပ်စစ်ကားနှစ်မျိုးစလုံးကို ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန် ကြံရွယ်နေပုံရကြောင်း သိရသည်။ **Mon**

# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မင်းလှ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ မင်းလှမြို့၌ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဆေးဝါးရောင်းချသူများအား ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ်အကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၁ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစန်းစန်းမိုးက ဆေးဝါးရောင်းချသူများအနေဖြင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး သတ်မှတ်ဆေးဝါးများ ရောင်းချစေရေးအသိပညာပေးဆွေးနွေးပြောကြားသည်။ ထို့နောက် သရက်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်ယာယီတာဝန်ခံ ဦးစီးအရာရှိ(ဆေးဝါး) ဒေါ်သဲဦးဗိုလ်က ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ်အား ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဆေးဝါးရောင်းချသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းဆရာ၊ ဆရာမများ၊ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ဆေးဝါးရောင်းချသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**






# လူငယ်ရေးရာအသိပညာပေး ဟောပြော

**တာချီလိတ် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ(မယ်ဟုတ်)၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အချက်အလက်များ၊ကလေးအလုပ်သမားပပျောက်ရေး၊မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ရပ်သံကျွမ်းကျင်-၃ ဦးမြင့်သန်းက စာပေများဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်အေးဝင်းသူက သန့်ရှင်းသောလေရရှိဖို့ရှင်းနီးမြုပ်နှံမှုစတင်စို့ စသည့် ခေါင်းစဉ်များဖြင့် အသီးသီး အသိပညာပေးဟောပြောကြသည်။

ထို့နောက်မှာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ရသစာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် သီရိရတနာဈေးရှိ ဂိုထောင်တစ်လုံးနှင့် ဂိုထောင်ရှေ့၌ ရပ်တန့်ထားသော ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းကိုးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Yu-tong Bus နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ စက်တင်ဘာ ၅ ရက်တွင် ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck Van တစ်စီးကိုလည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မြစ်သားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး တင်ဆောင်လာသည့် Toyota Hilux တစ်စီးကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ မန္တလေးမှ မုံရွာမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်ဦးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၁၀ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်သုံးစီးကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း၊ ခန္တီးမြို့နယ်၌ တရားမဝင်စက်သုံးဆီ၊ ဓာတ်ဆီ ၂၁ ဂါလန်ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မန္တလေး စက်တင်ဘာ ၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်အတွင်း မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယမန်နေ့ ညနေ ၆ နာရီက မြို့ပေါ်ရပ်ကွက်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတိပြုရမည့်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံသတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ရာတွင် နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူး၊ သဲပုံး၊ ရေပုံးများ စသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိရေး မီးသွေးမီးဖိုဖြင့် ထမင်းဟင်းချက်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျငြိမ်းသတ်ထားရန် မီးလောင်၊ မီးလန့်မှုဖြစ်ပေါ်ပါက လျှင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်သည့်နည်းလမ်းများ စနစ်တကျရှိရေးစသည့် အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၅၇)**



# ကြိုတင်ကာကွယ် ဓာတ်လိုက်မှု အန္တရာယ်

ယနေ့ကမ္ဘာပေါ်တွင် နည်းပညာများတိုးတက်လာသည်နှင့် အမျှ ရုပ်ဝတ္ထုပစ္စည်း အသစ်အဆန်းများလည်း နေ့စဉ်ပေါ်ထွက်လာနေပြီး လျှပ်စစ်၏ အသုံးဝင်မှုနှင့် လိုအပ်ချက်သည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်မားလာလျက်ရှိပါသည်။ လျှပ်စစ်ကို အကျိုးရှိစွာအသုံးချနိုင်သကဲ့သို့ မရှိမဖြစ်နီးပါး အသုံးဝင်နေသော လျှပ်စစ်ကို ပေါ့ပေါ့ဆဆသုံးစွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ အသက်သေဆုံးမှုများလည်း မကြာခဏဖြစ်ပွားလျက်ရှိနေပါသည်။ မီးသည် ပူတတ်သည်ကို မသိနားမလည်သော ကလေးငယ်မှ ကိုင်မိပါက အပူလောင်မည်ဖြစ်သကဲ့သို့ လျှပ်စစ်သုံးစွဲရာတွင်လည်း မသိနားမလည်၍ ပေါ့ဆမိပါက ဓာတ်လိုက်မည် ဖြစ်ပါသည်။ ထို့အပြင် မီးလောင်ကျွမ်းမှုအများအပြားသည် လျှပ်စစ်ပေါ့ဆမီးများဖြစ်နေသဖြင့် ပို၍ပင် ဂရုစိုက်ရန်လိုအပ်ပါသည်။ မီးဘေးရှောင်၊ မလောင်ခင်တားနိုင်သကဲ့သို့ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရန်လည်း အသိ၊ သတိဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။

နေအိမ်တွင် လျှပ်စစ်သုံးစွဲရာ၌ အောက်ပါအချက်များကို လိုက်နာသင့်ပါသည် -

(၁) အိမ်တွင် လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်နှင့် ဝါယာကြိုးများကို ကလေးများ မကစားစေရန် သွန်သင်ပေးသင့်ပါသည်။ ဖြစ်နိုင်ပါက ထိုအရာများကို ကလေးများ လက်လှမ်းမမီသည့်နေရာတွင် ထားသင့်ပါသည်။

(၂) နေအိမ်ရှိလျှပ်စစ်ပစ္စည်းများအား တစ်ပြိုင်တည်း ဝန်ပိုသုံးစွဲခြင်းမပြုသင့်ပါ။ ယနေ့အချိန်အခါတွင် လျှပ်စစ်ကို အလှည့်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိရာ နေအိမ်အများစုသည် ဓာတ်အားပြန်မပြတ်တောက်ခင် မလုပ်လိုက်ရမရှိစေရန် ဓာတ်အားရလျှင်ရခြင်း လျှပ်စစ်ပစ္စည်းအားလုံးကို တစ်ပြိုင်တည်း အသုံးပြုကြလေ့ရှိသည်မှာ အလွန်အန္တရာယ်များလှပါသည်။

(၃) လျှပ်စစ်ပစ္စည်းများအားသုံးနေစဉ် ဓာတ်အားပြတ်တောက်သွားပါက ခလုတ်ပိတ်ထားသင့်ပါသည်။ ဖြစ်နိုင်လျှင် လျှပ်စစ်ပစ္စည်းများ၏ ပလပ်ခေါင်းများကို ဖြုတ်ထားသင့်ပါသည်။ ပလပ်ဖြုတ်သည့်အခါတွင်လည်း ပလပ်ခေါင်းမှ ကိုင်၍ ဖြုတ်ပါ၊ ကြိုးမှကိုင်၍ ဆွဲမဖြုတ်သင့်ပါ။

(၄) လျှပ်စစ်ပစ္စည်းများအား ဆော့ကက်ပေါက်မှ ထမ်းဆောင်နိုင်သော ဝန်အားထက်ပို၍ မသုံးစွဲသင့်ပါ။

(၅) လျှပ်စစ်ပစ္စည်းများ၊ မီးပလပ်၊ ခလုတ်၊ ဝါယာကြိုးများ ပေါက်ပြဲ၊ ပျက်စီး၊ ဆွေးမြေ့နေပါက ဆက်မသုံးတော့ဘဲ လဲလှယ်သင့်ပါသည်။

(၆) မီးလုံး၊ မီးချောင်းများ လဲလှယ်ရာတွင် သက်ဆိုင်ရာ မီးခလုတ်အား ပိတ်ပြီးမှဆောင်ရွက်သင့်ပါသည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ လျှပ်စစ်ပြုပြင်လိုပါက လုံးဝပင်မခလုတ် (Main Switch)ကို ပိတ်ပြီးမှ ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

(၇) ရေစိုနေသောလက်ဖြင့်ခလုတ်ဖွင့်/ ပိတ်လုပ်ခြင်း၊ ပလပ်ဖြုတ်/တပ်ခြင်းတို့မပြုလုပ်သင့်ပါ။ ထို့အတူ ရေစိုနေသော နေရာများတွင် လျှပ်စစ်ပစ္စည်းများ ထားရှိအသုံးပြုခြင်းမပြုလုပ်သင့်ပါ။

(၈) လိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ မီးချောင်း၊ ပန်ကာ၊ လေအေးပေးစက်များကို ဆက်တိုက်ဖွင့်ထားခြင်းကို မပြုလုပ်သင့်ပါ၊ မီတာခပိုကုန်ကျသည့်အပြင် အပူလွန်ကဲစေနိုင်သဖြင့် မီးလောင်စေတတ်ပါသည်။

(၉) ဟန်းဖုန်းများ၊ ကွန်ပျူတာများ အားသွင်းရာတွင် လိုအပ်ချိန်ထက် ပိုမိုကြာမြင့်စွာ အားမသွင်းထားသင့်ပါ။

(၁၀) လျှပ်စစ်ပစ္စည်းများနှင့် ဝါယာကြိုးများတွင် လျှပ်စစ်ဓာတ်အားရှိ-မရှိ မသေချာပါက ဓာတ်အားရှိနေသည်ဟု မှတ်ယူပြီး ဂရုစိုက်သင့်ပါသည်။

(၁၁) အရည်အသွေးကောင်းမွန်သော လျှပ်စစ်ပစ္စည်းများကိုသာ စနစ်တကျတပ်ဆင်သုံးစွဲသင့်ပါသည်။

(၁၂) နေအိမ်မှ မိသားစုလိုက် ပြင်ပထွက်သည့်အခါ ပင်မ



မီးခလုတ်အား ပိတ်သွားသင့်ပါသည်။

(၁၃) မီးကြိုးများကို ပူသည့်အရာများအနီးတွင် မထားသင့်ပါ၊ ယာယီမီးကြိုးသွယ်တန်းလျှင် ကြမ်းပြင်ပေါ်မချထားဘဲ အမြင့်မှ နေ၍သာ သွယ်တန်းသင့်ပါသည်။

(၁၄) မတော်တဆ လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မီးလောင်ပါက ရေလောင်းခြင်း မပြုလုပ်ရပါ ပင်မမီးခလုတ်ကိုသာ အမြန်ပိတ်သင့်ပါသည်။

(၁၅) တစ်ဦးဦးဓာတ်လိုက်ခံရပါက ၎င်းကိုချက်ချင်း သွားမထိသင့်ပါ၊ ပင်မမီးခလုတ်ကိုသာ အမြန်ပိတ်သင့်ပါသည်။

ထို့အပြင် နေအိမ်တွင်း လျှပ်စစ်လိုင်းများကို ပြုပြင်ဆောင်ရွက်သည့်အခါ နားလည်တတ်ကျွမ်းသူများဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ လျှပ်စစ်တပ်ဆင်ရေးဆောင်ရွက်သူများအနေဖြင့် သင်တန်းများ သေချာစွာတက်ပြီးမှ ဆောင်ရွက်သင့်သလို လိုက်နာရမည့် လျှပ်စစ်သဘောတရားများကိုလည်း အပြည့်အဝလိုက်နာ ဆောင်ရွက်ကြရန်လိုပါသည်။ မီးလင်းလျှင်ပြီးရော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းသည် ဘယ်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ပင်ဖြစ်၍ သုံးစွဲသူတို့အဖို့ အန္တရာယ်ကြီးမားလှပါသည်။ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများ၊ ပရောဂျက်ကြီးများမှအစ နေအိမ်များအဆုံး လျှပ်စစ်ပစ္စည်းများ အသုံးပြုသည့်အခါ Load အတိုင်းအတာအလျောက် Cable နှင့် Breaker များကို သင့်လျော်သည့် အရွယ်အစားဖြင့် စနစ်တကျတပ်ဆင် အသုံးပြုသင့်ပါသည်။ ဖြစ်ကတတ်ဆန်း သွယ်တန်းအသုံးမပြုသင့်ပါ၊ အန္တရာယ်အလွန်ကြီးမားလှ၍ ဖြစ်ပါသည်။ ကြိုမမြင်နိုင်ပေမယ့် သတိထားကြရမည့် ဖြစ်ကတတ်ဆန်း လျှပ်စစ်သွယ်တန်းသုံးသဖြင့် ဓာတ်လိုက်မှုနှင့်စပ်လျဉ်း၍ (၂၄-၈-၂၀၂၄)ရက်က ချမ်းမြသာစည်မြို့နယ်တွင် သားအမိနှစ်ဦး ဓာတ်လိုက်သေဆုံးခဲ့သည့်ကိစ္စအား ဗဟုသုတဖြစ်ဖွယ် တင်ပြလိုပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် လူငယ်တစ်ဦး ရေချိုးနေရာက ဓာတ်ကြိုးမှဓာတ်လိုက်၍ မိခင်ဖြစ်သူက ဆွဲခေါ်ရာမှ သားအမိနှစ်ဦးစလုံး သေဆုံးသွားခဲ့သည့်ဖြစ်ရပ်ဖြစ်သည်။ (၂၄-၈-၂၀၂၄)ရက် ည ၁၀ နာရီခွဲက ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ နေအိမ်တစ်ခုတွင် အသက် ၂၅နှစ် ဝန်းကျင်ရှိ လူငယ်တစ်ဦး ရေချိုးနေရာက ဓာတ်ကြိုးမှတစ်ဆင့် ဓာတ်လိုက်နေ၍ မိခင်ဖြစ်သူက ဆွဲခေါ်ရာမှ ၎င်း၏မိခင်ဖြစ်သူပါ ဓာတ်လိုက်သေဆုံးသွားခဲ့ခြင်းဖြစ်ပါသည်။ "သားအမိနှစ်ယောက်က ရေချိုးဖို့လုပ်တာ အိမ်ရှေ့က ထရံမှာ မီးပလပ်ခုံလုပ်ထားတာ။ မီးကြိုးတွေကို ဖြစ်သလိုသွယ်ထားတော့ ကြိုးကပေါက်နေတာ။ အိမ်ကသံဆန်ခါကို ထိနေတာ၊ သံဆန်ခါကိုသွားကိုင်မိတော့ သံဆန်ခါကို လျှပ်စီးကြောင်းက ဝင်နေမှာပေါ့လေ၊ အဲ့ဒီကနေမှ ဓာတ်လိုက်တာ။ဓာတ်လိုက်နေတဲ့သားကို အမေဖြစ်သူက သွားဆွဲခေါ်တော့ အမေပါဓာတ်လိုက်တာ။ အောက်မှာလည်း ရေတွေရှိနေတာ ဆိုတော့"ဟု ဒေသခံလူမှုကူညီရေးအသင်းက တာဝန်ရှိသူတစ်ဦးမှ ဖြစ်စဉ်ကိုရှင်းလင်းပြောပြခဲ့ပါသည်။ ပြည်သူတွေ သတိမမူကြလို့ ဂူမမြင်ဖြစ်နေဆဲ၊ အသက်တွေ ဆုံးရှုံးနေရဆဲဖြစ်ပေသည်။ နေအိမ်ပြင်ပတွင်လည်း ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြု၍ ကာကွယ်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်-

(၁) ဓာတ်အားလိုင်းအနီးတွင် သံချောင်း၊ သံပိုက်၊ ဝါးလုံးများ အသုံးပြု၍ လုပ်ငန်းများ မဆောင်ရွက်ရန်၊

(၂) ဓာတ်အားလိုင်းအနီးတွင် ဆိုင်းဘုတ်တပ်ဆင်ပြုလုပ်ခြင်း၊ တယ်လီဖုန်းလိုင်းပြုပြင်ခြင်း၊ သစ်ပင်သစ်ကိုင်းခုတ်ခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာလျှပ်စစ်ဌာနသို့အကြောင်းကြားပြီးမှ ဆောင်ရွက်ရန်၊

(၃) ဓာတ်အားလိုင်းအနီး ကုန်တင်ကားများ၊ ကရိန်းကားစသည့် ကားအမြင့်များရပ်၍ အတင်အချမပြုလုပ်မိရန်၊

(၄) ဓာတ်တိုင်လဲခြင်း၊ ဓာတ်ကြိုးပြုတ်ကျခြင်းများ တွေ့ရှိပါက ဖြတ်ကျော်သွားလာခြင်း၊ သွားရောက် ထိတွေ့ကိုင်တွယ်ခြင်း မပြုရန်နှင့် သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ အမြန်အကြောင်းကြားရန်၊

(၅) မြစ်ချောင်း၊ ရေကန်၊ ရေအိုင်များအတွင်း ဓာတ်ကြိုးပြုတ်ကျနေသည်ကို တွေ့ရှိရပါက လုံးဝဆင်းသက်ခြင်းမပြုလုပ်ရန်၊

(၆) အိမ်သွယ်ကြိုးနှင့် ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးအား အဝတ်လှန်းကြိုးအဖြစ် အသုံးမပြုကြရန်၊

(၇) ဟောင်းနွမ်းဆွေးမြေ့ပေါက်ပြဲနေသော အိမ်သွယ်ကြိုးများအား အမြန်လဲလှယ် တပ်ဆင်အသုံးပြုရန်၊

(၈) နီးစပ်ရာ ဓာတ်အားလိုင်းမှ နေအိမ်သို့ တရားမဝင် ခိုးယူသွယ်တန်းအသုံးမပြုရန်၊

(၉) ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသောနေရာတွင် အဆောက်အအုံဆောက်လုပ်ခြင်းမပြုရန်၊

(၁၀) လျှပ်စစ်ပစ္စည်းများကို ကောင်းကင်ဓာတ်အားလိုင်းကြိုးများနှင့် တိုက်ရိုက်ဆက်သွယ်၍ အသုံးမပြုရန်၊

(၁၁) ဓာတ်တိုင်များကို အခြားနည်းဖြင့် အသုံးမပြုရန်၊

(၁၂) လျှပ်စစ်ဓာတ်ကြိုးရှိရာ အနီးတစ်ဝိုက်တွင် စွန်မလွှတ်ရန်နှင့် ဓာတ်တိုင်ပေါ်မတက်ရန်၊

(၁၃) တာဝန်ရှိသူမှအပ ထရန်စဖော်မာခြံဝင်းအတွင်းမဝင်ရ၊ ဤနေရာတွင် အလျဉ်းသင့်၍ ယခုခေတ်ပေါ် လျှပ်စစ်အန္တရာယ်တစ်မျိုးကို ဖော်ပြလိုပါသည်။

ယခုအခါတွင် အင်တာနက်ဆက်သွယ်ရေးအတွက် Wifi ဖြင့် အသုံးပြုနိုင်ရန် Fibre optic cable ကြိုးများကို ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်ခွင့်ရသော ကုမ္ပဏီများမှ မြေနေရာရှာရသည့် အခက်အခဲ၊ တိုင်ဖိုးကုန်ကျမည့်အခက်အခဲများကို ကျော်လွှားနိုင်ရန် လျှပ်စစ်ဌာနပိုင် ဓာတ်တိုင်များတွင် အလွယ်တကူ ချိတ်ဆွဲဆောင်ရွက်နေပြီး စည်းကမ်းမဲ့ဆောင်ရွက်နေကြခြင်းဖြစ်သည်။ လက်ရှိဓာတ်အားလိုင်းအများစုမှာ အကာမပါသော လိုင်းကြိုး(Open Conductor)များဖြစ်နေသေးခြင်းကြောင့် ထိုသို့ဆောင်ရွက်နေကြခြင်းသည် လျှပ်စစ်အန္တရာယ်များစွာရှိစေနိုင်သည့်အပြင် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာစေနိုင်ပါသည်။ အမြင်မတင့်တယ်ခြင်းနှင့် အန္တရာယ်မဖြစ်အောင် ရှင်းလင်းသပ်ရပ်စွာ ဖိုင်ဘာကြိုးများ သွယ်တန်းသင့်ပါသည်။

လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်ကြဖို့ လိုအပ်သည်ဖြစ်ရာ လျှပ်စစ်အသိပညာကို နေရာမရွေး၊ ဒေသမရွေး၊ လူမျိုးမရွေး သိရှိနားလည်လိုက်နာကျင့်သုံးကြဖို့ အလွန်လိုအပ်လှပါသည်။ ငါနဲ့မဆိုင်သေးဟူ၍ သဘောမထားသင့်ပါ။ လျှပ်စစ်ကို အသုံးပြုသည်နှင့် လျှပ်စစ်အသိရှိနှင့်နေပြီး ဖြစ်နေရပါမည်။သို့ဖြစ်ပါ၍ မိမိတို့၏နေ့စဉ်လူနေမှုဘဝတွင် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရန်၊ ရှောင်ရန်များကို အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ကြခြင်းဖြင့် လျှပ်စစ်အန္တရာယ်အား ကြိုတင်ကာကွယ်နိုင်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း



# နိုင်ငံတကာ အားကစား သတင်းများ

## ကက်စီမီရို မန်ချက်စတာယူနိုက်တက်အသင်းတွင် ဆက်ရှိမည်


**မန်ချက်စတာ စက်တင်ဘာ ၈**

မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ကက်စီမီရိုက အသင်းတွင် ဆက်ရှိပြီး ပွဲထွက်ခွင့်အတွက် ဆက်လက်တိုက်ပွဲဝင်သွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် တူရကီကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ကက်စီမီရိုသည် ပြီးခဲ့သည့်တစ်ပတ်က မန်ချက်စတာယူနိုက်တက်အသင်းက လီဗာပူးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အမှားများခဲ့သဖြင့် အသင်း ပရိသတ်များကလည်း လှောင်ပြောင်ဝေဖန်မှုများပြုလုပ်ခဲ့ရခြင်းအပေါ် ၎င်းက အဆိုပါဝေဖန်မှုများ မှားယွင်းကြောင်းကိုလည်း အသင်းတွင် ဆက်ရှိပြီး သက်သေပြသွားရန်လည်း ဆန္ဒရှိနေသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကက်စီမီရိုသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၈၇ပွဲကစားကာ ၁၂ဂိုးထိ သွင်းယူထားသည်။ **(အောက်ပုံ) (NGB)**





## ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆာကာဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၈**

အာဆင်နယ်အသင်းမှ ပေးအပ်ချီးမြှင့်သည့် ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို တောင်ပံကစားသမား ဆာကာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဩဂုတ်လအတွင်း အာဆင်နယ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကစားပြီး ၁ဂိုး သွင်းယူကာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဆာကာက "ကျွန်တော်အသင်းမှ ပေးအပ်သည့် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အခုလို ဆုရတာလည်း အသင်းသားတွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့အတူ အသင်းအောင်မြင်မှုများ ရရှိဖို့လည်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## အန်ဒရီဂိုမက်ဇ်အား လိုင်လီအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၈**

လိုင်လီအသင်းသည် အဲဗာတန်အသင်း ကွင်းလယ်ကစားသမား အန်ဒရီဂိုမက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ၂၀၂၆ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လိုင်လီအသင်းတွင် ကျောနံပါတ် ၂၆ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဒရီဂိုမက်ဇ်သည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၄ပွဲကစားကာ ၄ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုင်လီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လိုင်လီအသင်းသည် ၂၀၂၄ နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ကိုးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ) (NGB)**




## 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Petra Marcinko တက်ရောက်

**လန်ဒန် စက်တင်ဘာ ၈**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ခရိုအေးရှားတင်းနစ်မယ် Petra Marcinko တက်ရောက်ခဲ့သည်။

အဆိုပါ ခရိုအေးရှားတင်းနစ်မယ် Petra Marcinko သည် 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် စပိန်တင်းနစ်မယ် Nuria Parrizas Diaz အား ၆-၂၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Petra Marcinko နှင့် ရိုမေးနီးယားတင်းနစ်မယ် Irina-Camelia Begu တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ဘွန်မာတီအား ၂၀၂၈ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်းစီစဉ်

**ဘာစီလိုနာ စက်တင်ဘာ ၈**

ဘာစီလိုနာအမျိုးသမီးအသင်းသည် အသင်းကွင်းလယ်ကစားသမား ဘွန်မာတီအား ၂၀၂၈ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ချဲလ်ဆီးအမျိုးသမီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘာစီလိုနာအမျိုးသမီးအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘွန်မာတီသည် ဘာစီလိုနာအမျိုးသမီးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၂၆၇ပွဲကစားကာ ၉၅ဂိုးထိ သွင်းယူထားသည်။

ဘာစီလိုနာအမျိုးသမီးအသင်း ထုတ်ပြန်ချက်တွင် "ဘွန်မာတီအား ၂၀၂၈ခုနှစ်အထိ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာခင်အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## အိုရာဇာဘယ် ခြေချင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၈**

စပိန်လက်ရွေးစင်အသင်းနှင့် ဆိုစီဒက်အသင်း တိုက်စစ်မှူး အိုရာဇာဘယ် ခြေချင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ဆားဘီးယားအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး အိုရာဇာဘယ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပိန်လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ဆိုစီဒက်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုရာဇာဘယ်သည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၆ မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်း ၃၈ ပွဲကစားကာ ၁၂ဂိုး သွင်းယူထားသည်။

**(အောက်ပုံ) (NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂျာမနီအသင်းနှင့် ဟန်ဂေရီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဟန်ဂေရီအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* ကလပ်အသင်းပေါင်း ၃၂သင်း ပါဝင်ယှဉ်ပြိုင်ကစားမည့် ပုံစံသစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် ၂၀၂၅ခုနှစ် ဇွန် ၁၅ရက်တွင် အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ (NGB)

### ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၉-၉-၂၀၂၄ တနင်္လာနေ့ | ည ၀၁း၃၀နာရီ | ဆိုက်ပရပ်စ် - ကိုဆိုဗို | ဆိုက်ပရပ်စ် ၀-၂ ကိုဆိုဗို |
| ၁၀-၉-၂၀၂၄ အင်္ဂါနေ့ | နံနက် ၀၁း၁၅နာရီ | ပြင်သစ် - ဘယ်လ်ဂျီယံ | ပြင်သစ် ၁-၀ ဘယ်လ်ဂျီယံ |
| ။ | ။ | အစ္စရေး - အီတလီ | အစ္စရေး ၁-၃ အီတလီ |
| ။ | ။ | ရိုမေးနီးယား - လစ်သူယေးနီးယား | ရိုမေးနီးယား ၃-၀ လစ်သူယေးနီးယား |
| ။ | ။ | နော်ဝေ - ဩစတြီးယား | နော်ဝေ ၁-၂ ဩစတြီးယား |
| ။ | ။ | ဆလိုဗေးနီးယား - ကာဇက်စတန် | ဆလိုဗေးနီးယား ၂-၁ ကာဇက်စတန် |
| ။ | ။ | မွန်တီနီဂရိုး - ဝေးလ် | မွန်တီနီဂရိုး ၁-၀ ဝေးလ် |
| ။ | ။ | တူရကီ - အိုက်စလန် | တူရကီ ၀-၀ အိုက်စလန် |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၉-၂၀၂၄ တနင်္လာနေ့ | ညနေ၃း၃၀နာရီ (ရန်ကုန်ကွင်း) | (၁၂)ရှမ်း - ဒဂုံစတား(၄) (D,L,L,L,L) (W,L,W,W,D) | ရှမ်း ၃-၄ ဒဂုံစတား ဒဂုံစတား ၁-၃ ရှမ်း |
| ။ | ညနေ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၉)သစ္စာအားမာန် - မြဝတီ(၁၁) (L,L,D,L,D) (D,L,L,L,L) | ——— |

# တစ်လနီးပါးအချိန်ကာလအတွင်း ပြည်ပသို့ ဆန်၊ဆန်ကွဲတန်ချိန် တစ်သိန်းကျော်တင်ပို့ခဲ့

**မန္တလေး စက်တင်ဘာ ၈**

ပြည်ပသို့ မြန်မာနိုင်ငံမှ ဆန်တင်ပို့လျက်ရှိရာ ဩဂုတ် ၁ ရက်မှ၂၃ရက်ထိ တစ်လနီးပါး ကာလအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၂၃၀၀၀ကျော် တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်း များအရ သိရသည်။

"တစ်လနီးပါး အချိန်ကာလ အတွင်းမှာ ပြည်ပကို ဆန်တန်ချိန် တစ်သိန်းကျော် တင်ပို့နိုင်ခဲ့တယ်။ တင်ပို့တာက ပင်လယ်ရေကြောင်း ကုန်သွယ်မှုကများပြီး နယ်စပ်ကုန် သွယ်မှုလမ်းကြောင်းက နည်းပါ တယ်"ဟုဆန်စပါး လုပ်ငန်းရှင် တစ်ဦးက ပြောသည်။

တစ်လနီးပါး အချိန်ကာလ အတွင်း ဆန်တန်ချိန် ၆၅၀၀၀ နီးပါးနှင့် ဆန်ကွဲတန်ချိန် ၅၈၀၀၀ ကျော်၊ စုစုပေါင်းတန်ချိန်၁၂၃၀၀၀ ကျော်တင်ပို့ခဲ့ရာ ဆန်၊ဆန်ကွဲ တန်ချိန်ပေါင်း ၁၁၀၀၀၀ကျော်ကို ပင်လယ်ရေကြောင်းနှင့်ကျန်သည့် ဆန်နှင့်ဆန်ကွဲများမှာ နယ်စပ် ကုန်သွယ်ရေးမှ တင်ပို့ခဲ့ကြောင်း၊ ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅သန်း ကျော်၊ဆန်ကွဲတင်ပို့မှုမှ အမေရိကန် ဒေါ်လာ၂၂သန်းကျော်၊ စုစုပေါင်း ပို့ကုန်ရငွေ အမေရိကန် ဒေါ်လာ ၅၇သန်းကျော်ရရှိကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ဆန်၊ ဆန်ကွဲတန်ချိန် ၅၈သန်းကျော် တင်ပို့ခဲ့ရာ ပို့ကုန်ဝင်ငွေသန်း၈၀၀ ကျော် ရရှိခဲ့သည်။

မြန်မာနိုင်ငံ ဆန်နှင့်ဆန်ကွဲ ကို တရုတ်၊မလေးရှား၊စင်ကာပူနှင့် EU နိုင်ငံများသို့ အများဆုံးတင်ပို့ ပြီး ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်း ကျော်တင်ပို့ခဲ့ရာ အမေရိကန် ဒေါ်လာ၈၄၅သန်းကျော် ရရှိခဲ့ ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ်တွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၂သန်းကျော် တင်ပို့ရန်ရည်မှန်း ထားကြောင်း မြန်မာနိုင်ငံ ဆန် စပါးအသင်းချုပ်မှ သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**





## ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့လက်ရွေးစင်ရွေးချယ်ရေးဆေးစစ်

**မန္တလေး စက်တင်ဘာ ၈**

ပဉ္စမအကြိမ် အမျိုးသား အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသ ကြီး လက်ဝှေ့လက်ရွေးစင် ရွေး ချယ်ပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ လက်ဝှေ့ကလပ်တွင် စက်တင်ဘာ ၈ရက်နှင့်၉ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။လက် ရွေးစင်ရွေးချယ်ပွဲတွင် အမျိုးသမီး ၄၈-၅၀ကီလိုတန်း၊ ၅၀-၅၂ကီလို တန်း၊ ၅၂-၅၄ကီလိုတန်း၊ ၅၄-၅၇ကီလိုတန်းတို့ဖြစ်ပြီး အမျိုး သားပြိုင်ပွဲတွင် ၄၈-၅၁ကီလို တန်း၊ ၅၁-၅၄ကီလိုတန်း၊ ၅၄-၅၇ကီလိုတန်း၊ ၅၇-၆၃ ဒသမ ၅ကီလိုတန်းနှင့်၆၃ဒသမ၅-၇၁ ကီလိုတန်းတို့ ပါဝင်သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်များမှ အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်း နိုင်ငံသား စိစစ်ရေးကတ်ကိုင်ဆောင်သူ ပြိုင်ပွဲဝင် အားကစားသမားများ အား စက်တင်ဘာ ၇ရက် နံနက် ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိ အားကစားရုံရှိလက်ဝှေ့ အားကစားရုံတွင် ကျန်းမာရေး စစ်ဆေးခြင်းများ ပြိုင်ပွဲအကြို ဆောင်ရွက်ပေးခဲ့သည်။ မန္တလေး တိုင်းဒေသကြီး ကိုယ်စားပြုအဖြစ် ရွေးချယ်ခံရပါက စခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရ သည်။

**(အပေါ်ပုံ)**

**(၀၄၅)**

## မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သန်းတစ်ထောင်ကျော် ရရှိထား

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီ ၁ရက်မှ ဩဂုတ် ၁၆ရက် အထိ မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်မှုအနေဖြင့် ကန်ဒေါ်လာ သန်း၁၁၅၀ကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာနမှ သိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်း များအလိုက် ပို့ကုန် အမေရိကန် ဒေါ်လာ ၉၆၀သန်းကျော်ရှိပြီး သွင်းကုန် အမေရိကန်ဒေါ်လာ သန်း ၁၉၀ကျော်ရှိကာ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာသန်း၁၁၅၀ ကျော်ရရှိထား ခြင်းသည်။

မြန်မာ-ထိုင်း နယ်စပ်ကုန် သွယ်ရေးသည် မိုးရာသီ မိုးပြင်း ထန်စွာ ရွာသွန်းမှုကြောင့် လမ်း များ ပျက်စီးခြင်း၊ မကြာခဏ လမ်းပိတ်ခြင်းတို့ကြောင့် ယမန် နှစ်ထက် ကုန်သွယ်မှု သိသိ သာသာ လျော့ကျခဲ့ကြောင်း ကုန်သည်များထံက သိရသည်။

"လက်ရှိ မိုးရာသီမှာတော့ ကားကြီးတွေ မသွားနိုင်သေးတော့ ကားလေးတွေနဲ့ ပစ္စည်းတင်တာ လုပ်နေရတယ်။ ကားခတွေက လည်း ဈေးမြင့်တော့ ပွင့်လင်း ရာသီကျမှ ဖရဲသီးကားတွေ တက် နိုင်မယ်။ အခုတော့ ဘားအံ၊ မော်လမြိုင်မှာပဲ ဖရဲသီးရောင်းနေ ရတယ်"ဟု ဖရဲကုန်သည်တစ်ဦး က ပြောသည်။



တာချီလိတ်၊ မြဝတီ၊ ကော့ သောင်း၊ မြိတ်၊ ထီးခီးနှင့် မော် တောင်နယ်စပ်များမှတစ်ဆင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ် ရေးကို ပြုလုပ်နေခြင်းဖြစ်ပြီး ၎င်းတို့အထဲမှ ထီးခီးနယ်စပ်သည် အများဆုံးကုန်သွယ်မှု ပြုလုပ်ထား သည်။

ယခုအခါ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အသစ်ဖြစ်သည့် ရန်ကုန်-ကော့ သောင်း-ရနောင်း ကွန်တိန်နာ စနစ်ဖြင့် ကုန်သွယ်မှုကို ဆောင် ရွက်နေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံမှ လယ်ယာထွက် ကုန်များ၊ မွေးမြူရေးထွက်ကုန် များ၊ ရေထွက်ကုန်များ၊ ဓာတ် သတ္တုများ၊ သစ်တောထွက်ပစ္စည်း များ၊ စက်မှုကုန်ချောနှင့် အခြား ကုန်စည်များ တင်ပို့လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊လုပ်ငန်း သုံး ကုန်ကြမ်းပစ္စည်း လူသုံးကုန် ပစ္စည်းများနှင့် CMP ကုန်ကြမ်း များကို ပြန်လည်တင်သွင်းလျက် ရှိသည်။

**ရွှေမန်း**

## လူငယ်စကားဝိုင်းကျင်းပ

**ခန္တီး စက်တင်ဘာ ၈**

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ များ အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် အသိ ပညာပေးလုပ်ငန်းများစွာ ဆောင် ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း ဒေသကြီး၊ ခန္တီးမြို့၊ ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ လူထုအခြေပြုဗဟို ဌာန (Community Centre) ခန်းမတွင် စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီက စကားပြော အတတ်ပညာ ကျွမ်းကျင်တတ် မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့ စွာ စကားပြောဆိုတတ်စေရန်၊ လူငယ်အချင်းချင်း တစ်ဦးနှင့် တစ်ဦး အသိပညာများ ဖလှယ်ကြ ရာမှ အတွေ့အကြုံသစ်များ ရရှိ စေရန်နှင့် လုပ်ငန်းများဆောင်ရွက် ရာတွင် ပူးပေါင်းဆောင်ရွက် တတ်သည့် အလေ့အကျင့်ကောင်း များရရှိလာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ၏ ရည်ရွယ်ချက်အား ရှင်းလင်း ပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်သန်းထိုက်အောင်က ဦးဆောင် နွေးနွေးသူအဖြစ် ဆောင်ရွက်ကာ Grade-10 မှ ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မဆု လာဘ်မြင့်မိုရ်က လူငယ်နှင့်ပညာ ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်သန်းထွဋ်အောင်က လူငယ် နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မဆုမြတ်မွန်က လူငယ်နှင့်ပေါင်းသင်းဆက်ဆံ ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်မျိုးပိုင်ခန့်က လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့် လည်းကောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာ ကြသည့် ကျောင်းသား၊ ကျောင်း သူလေးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် တာဝန်ရှိသူ များက ပြန်လည်ဖြေကြားခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူ ဦးစီးအရာရှိ ဒေါ်သန်းထိုက်အောင်က လိုအပ် သည်များကို ဖြည့်စွက် ဖြေကြား ပေးခဲ့သည်။ အဆိုပါလူငယ်စကား ဝိုင်းသို့ ကျောင်းသား၊ ကျောင်းသူ ၆၀ဦး တက်ရောက်ခဲ့ကြောင်းသိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

ပညာရေးဝန်ကြီးဌာန၊အဆင့် မြင့်ပညာဦးစီးဌာန၊ ရတနာပုံ တက္ကသိုလ်တွင် ၂၀၂၄ခုနှစ်၊ အောက်တိုဘာ ၅ရက်တွင် ကျ ရောက်မည့် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ်တက္ကသိုလ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို စက် တင်ဘာ ၇ ရက် နံနက် ၉နာရီ က အဆိုပါတက္ကသိုလ်ရှိအဆောင် (၃၁)၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် "ဘဝ လမ်းညွှန်ဆရာမွန်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "ဘဝရှေ့ဆောင် မီးရှူးရောင်" ခေါင်းစဉ်ဖြင့် ကျင်းပရာ ဘွဲ့ကြို သင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာ အရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက် ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ သည် စိတ်ပါဝင်စားစွာဖြင့် ဝင် ရောက်ယှဉ်ပြိုင်ကြကြောင်း သိရ သည်။

**(အောက်ပုံ)**

**(၀၈၂)**



ဝတ္ထုတိုကဏ္ဍ

# နောင်တ

**မင်းလပြည့်(ဟားခါး)**




**၂-၉-၂၀၂၄ စာမျက်နှာ (၁၄)မှအဆက်**

နှစ်စဉ်ပြုလုပ်သော မြို့၏ခမ္မာရုံ သက်ရှယ်အို ဘိုးဘွားများအား ကန်တော့ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အသက်(၈၀)ကျော် ဘိုးဘွားပေါင်း ၁၀၀ ကျော်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ပြီး လူမှုဝန်ထမ်းဝန်ကြီးဌာန၊ စည်ပင်ဝန်ကြီးဌာနနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဦးထင်ပေါ်တို့လို မြို့မိ၊ မြို့ဖများက ပူဇော်ကန်တော့ကြသည်။ လှူဒါန်းကြသည်။

ကြက်ခြေနီမောင်မယ်များက အဘိုး၊ အဘွားတို့ကို တွဲ၍ပို့ခြင်းဖြင့် မြင်ကွင်းက ကြည်နူးစရာကောင်းလှသည်။

"ကဲ . . . ဘိုးဘွားတွေ ကန်တော့တဲ့အခမ်းအနားပြီးပါပြီ။ ဆက်လက်ပြီး ကလေးသူငယ်၊ ကျောင်းသားများ၊ ပညာသင်တို့၏ထောက်ပံ့ပွဲ ဆက်လက်လုပ်မှာဖြစ်ပြီး ပြီးတာနဲ့ မြို့သန့်ရှင်းရေးအစည်းအဝေးကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်"

ရပ်မိ၊ ရပ်ဖဖြစ်သူ ဦးထင်ပေါ်က ဝန်ထမ်းများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အသံချဲ့စက်မှ ကြေညာသည်။ မြို့မိ၊ မြို့ဖများက ပေးအပ်သည့်ကျောင်းသူ၊ ကျောင်းသားများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်သို့ ပညာသင်ဆုများအား မြို့အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပြန်၍မရသေး။ နောက်ဆုံးအစီအစဉ်ကလည်း အရေးကြီးသည်။

မြို့လူဦးရေက နေ့စဉ်အမှိုက်တန် အနည်းဆုံး ၅၀ ခန့် စွန့်ပစ်ကြသည်။ သည်အမှိုက်များက မိုးရွာသွန်းချိန်တွင် မြောင်းများပိတ်ကာ ဒုက္ခပေးတော့သည်။ အမှိုက်တွေက လူသားများအတွက် ဝန်ထုပ်ဝန်ပိုးပင်ဖြစ်သည်။

ကျန်းမာရေး ထိခိုက်စေသည်။ အစည်းအဝေးစသည်နှင့် မြို့မှတာဝန်ရှိသူများ ပြောပြီးနောက် ရပ်မိ၊ ရပ်ဖ ဦးထင်ပေါ်အလှည့်ရောက်လာသည်။

"သည်လိုပါ။ ကျွန်တော်တို့မြို့ဟာ တစ်ဖက်နိုင်ငံ နယ်စပ်နဲ့နီးပြီး တစ်ဖက်နိုင်ငံခြားသားတွေက လာရောက်လည်ပတ်ကြပါတယ်။ ပြီးခဲ့တဲ့နှစ်က မြို့ရဲ့ မီးဘေးအန္တရာယ်ကာကွယ်ဖို့ ရေကန်တွေကို ဆောက်ခဲ့ကြပါတယ်။ ရေချိုအရန်ကန် တွေတူးခဲ့ကြတယ်။ အခု မြင်မကောင်းတဲ့ အမှိုက်တွေကြောင့် မြို့အလှပျက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သည်မြို့သားတွေဖြစ် တဲ့ စိုင်းလူး၊ ဦးဖေခင်၊ အိုက်စိုင်းတို့က အမှိုက်မီးရှို့ကန်နဲ့ အမှိုက်ကျင်းတူးဖော်ဖို့အပြင် အမှိုက်ကားတစ်စီးပါ လှူမှာဖြစ်ပါတယ်။ လူငါးထောင်ကျော် စွန့်ပစ်တဲ့အမှိုက်ကို စည်ပင်က ဝန်ထမ်း နည်းနည်းလေးနဲ့ အလျဉ်မီအောင် သိမ်းဆည်းဖို့ ခက်ခဲနေပါတယ်။ သည်မြို့သန့်ရှင်းသာယာလှပရေးအတွက်၊ သည်မြို့သားတွေပဲ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့မြို့ခံစေတနာ့ ဝန်ထမ်းတွေကကော မြို့စည်ပင်ဝန်ထမ်းတွေကို ပင်ကိုယ်အသိစိတ်နဲ့ ဝိုင်းကူသင့်တယ်ထင်ပါတယ်။ ဝိုင်းမကူညီသင့်ဘူးလားဗျာ"

**ဝိုင်းကူသင့်တယ်၊ လုပ်သင့်တာပေါ့**

ဦးထင်ပေါ်က လူထုကို အသေးစိတ်ရှင်းပြပြီး ဆန္ဒတောင်းခံတော့ စိတ်ဆန္ဒရှိသောသူများ က ထောက်ခံကြသည်။ ကော်မတီများ အသီးသီးဖွဲ့ကြသည်။ လူငယ်တော်တော်များများ လုပ်အားပေးရန် နာမည်စာရင်းပေးပေမယ့် ဖိုးထူးနှင့် မိုးညို တို့က မသိမသာ အကဲခတ်နေကြသည်။

"ကျန်ရှိသေးတဲ့ လူငယ်တွေက မပါဝင်ကြတော့ဘူးလားဗျာ"

ဦးထင်ပေါ်က မိုးညိုနှင့် ဖိုးထူးအား တစ်ချက်ဝေ့ကြည့်ပြီး မေးလိုက်သည်။ ချက်ဆို နားခွက်က မီးတောက်ဆိုသလို ပါးနပ်သည့် မိုးညိုက ချက်ချင်းရိပ်စားမိလိုက်သည်။

ဦးထင်ပေါ်က ဌာနဆိုင်ရာအရာရှိကြီး အငြိမ်းစား တစ်ဦး၊ ပါးနပ်သူတစ်ဦး သွယ်ဝိုက်မေးလိုက်တာက အလကားမဟုတ်။

မိုးညိုကလည်း မြောင်းထဲအမှိုက်ခိုးသွန်ခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး စိတ်ထဲမလုံမလဲဖြစ်နေသည်။ နောင်တရသည်မှာ ကြာပေပြီ။ ယခုတော့ သူ့အမှားကိုပြင်ဆင် ကျေးဇူးဆပ်ချင်သည်။ ဒါကြောင့်လည်း သူ့နာမည် အော်ပြောလိုက်သည်။

"မိုးညို အမည်စာရင်း ပေးပါတယ်"

"ရှိုး- ရှိုး-ရှိုး"၊ "ဖြောင်း- ဖြောင်း-ဖြောင်း-ဖြောင်း"

လူငယ်များက မိုးညိုပါဝင်လာ၍ လက်ခုပ်သြဘာတီး ကြိုဆိုကြသည်။ ရယ်မောသဘောတူကြသည်။ ဖိုးထူးသာ ကျန်တော့သည်။ ဖိုးထူးကလည်း အမှိုက်ခိုးသွန်ခဲ့သည့်အတွက် ရှက်သည်။ သူလည်း မြို့သန့်ရှင်းရေးအတွက် ပါဝင်ရန်လိုသည်။ သူလည်း နောင်တရနေပေမယ့် စိတ်ဓာတ်တက်ကြွလာသည်။

"ဖိုးထူးလည်း အမည်စာရင်း ပေးပါတယ်"

"ဟေး- ဟေး"၊ "ရှိုး-ဖြောင်း- ဖြောင်း"

ဖိုးထူးပါ ပါတော့ လူစုံသွားသည်။မိန်းကလေးများကလည်း လုပ်အားပေးရန် အမည်စာရင်းပေးထားသည်။ အဖွဲ့များဖွဲ့ တာဝန်ပေးအပ်တော့ ဖိုးထူးနှင့် မိုးညိုတို့က တစ်ဖွဲ့စီတွင် လူငယ်ခေါင်းဆောင်များအဖြစ် ပါဝင်လာသည်။

ဦးထင်ပေါ်က လူငယ်များ ပရဟိတစိတ်ရှိစေရန် မွေးမြူပေးနိုင်၍ ဝမ်းသာနေသည်။ အထူးသဖြင့် ဖိုးထူးနှင့် မိုးညိုတို့က လူငယ်ခေါင်းဆောင်အဖြစ် ပါဝင်လာ၍ ဝမ်းသာသည်။

မြို့သန့်ရှင်းရေး ညှိနှိုင်းအစည်းအဝေးပြီးသွား၍ ဖိုးထူးနှင့် မိုးညိုဆီသို့ ဦးထင်ပေါ် လျှောက်သွားသည်။ ပြီးတော့ သူတို့အနားသို့ စကားပြောကာ ပြန်လည်ထွက်ခွာသွားသည်။ ဦးထင်ပေါ်ပြောသွားတာက - - -


"မင်းတို့လို တက်ကြွတဲ့လူငယ်တွေ ပါဝင်လာလို့၊ သိပ်ဝမ်းသာတယ်။ ညအချိန်မှာ အမှိုက်ခိုးပစ်တဲ့သူတွေလည်း ရှိတော့မှာမဟုတ်ဘူးနော်" - - - တဲ့။

ဖိုးထူးနှင့် မိုးညိုတို့ ဦးထင်ပေါ်၏ စကားကို နားထောင်ပြီး၊ မျက်လုံးပြူး အံ့အားသင့် ကျန်ရစ်ကာ တစ်ဦးမျက်နှာတစ်ဦး ကြည့်နေကြတော့သည်။

## ကမ္ဘာ့ဆရာများနေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းခန်းမတွင် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက ကမ္ဘာ့ဆရာများနေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ကျင်းပခဲ့သည်။



အဆိုပါ ပြိုင်ပွဲများကို အထက်တန်းအဆင့်၊အလယ်တန်းအဆင့်ဟူ၍ သတ်မှတ်ပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းအဆင့် စာစီစာကုံးအတွက် "ပညာဥယျာဉ်မှူး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးအတွက် "ဆရာ,မပြု နည်းမကျ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "ကြယ်ရူဝံပမာ မြတ်ဆရာ"၊ အလယ်တန်းအဆင့်တွင် "ဆရာသခင်ကျေးဇူးရှင်"ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ကမ္ဘာ့ဆရာများနေ့အကြို စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းမင်းနှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) ချမ်းမြေ့



## မြေပဲစမ်းသပ်ကွက်များ ရိတ်သိမ်း

**မိုးနဲ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၊လွိုင်ချိုကျေးရွာအုပ်စု၊ လွယ်ယုကာကျေးရွာနေ တောင်သူ လုံးပုည၏ ယာခင်းနေရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊စိုက်ပျိုးရေးသုတေသနနှင့် တောင်သူများပူးပေါင်းကာ မေလနောက်ဆုံးပတ်ကစိုက်ပျိုးခဲ့သည့် ဒေသနှင့်ကိုက်ညီမှုရှိမည့် မြေပဲမျိုး ခြောက်မျိုးကို ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးခဲ့ရာ ယမန်နေ့ နံနက် ၈ နာရီက စမ်းသပ်ကွက်များကို ရိတ်သိမ်းခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးနှင့် ဝန်ထမ်းများ၊ လွိုင်ချိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး လုံးပုညနှင့် စမ်းသပ်ကွက်စိုက်ပျိုးထားသူ တောင်သူများက သတ်မှတ်စံနှုန်းဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာ တောင်သူများကိုယ်တိုင်မျိုးရွေးချယ်စမ်းသပ်စိုက်ပျိုးခဲ့သော ဆင်းပဒေသာ(၁၁-၁၄-၁၅-၁၆)၊ YZG-20042 မျိုးတို့မှာ စံထားစိုက်ပျိုးသည့် ဒေသမျိုးရင်း(ဂျပန်ကလေး)ထက် ထွက်နှုန်းပိုမိုကောင်းမွန်ခြင်း၊ ရောဂါကျရောက်မှုမရှိခြင်းတို့ကြောင့် တောင်သူများကြိုက်နှစ်သက်ကြပြီး ယှဉ်ပြိုင်စမ်းသပ်ကွက်များအနက် ဆင်းပဒေသာ-၁၆ မျိုးသည် အပင်ပေါက်ရာခိုင်နှုန်းကောင်းခြင်း၊ တစ်ပင်ပါသီးတောင့်ပိုမိုခြင်းနှင့် အထွက်နှုန်းအမြင့်မားဆုံးဖြစ်ခြင်းတို့ကြောင့် တောင်သူများ ဆင်းပဒေသာ-၁၆ မျိုးကို ပိုမိုကြိုက်နှစ်သက်ကြောင်း စိုက်ပျိုးသူတောင်သူတစ်ဦးထံမှ သိရသည်။**မြို့နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယန်း စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာအကြောင်းအရာများကို ဒေသခံတိုင်းရင်းသားပြည်သူများ သိရှိနိုင်စေရန် စက်တင်ဘာ ၇ ရက် ည ၇ နာရီက ဈေးတန်းရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟောပြောပွဲတွင် မိုင်းယန်းခရိုင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ၃ ဦးစိုင်းလှိုင်ခမ်းက အဖွင့်အမှာစကားပြောကြားပြီး မိုင်းယန်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကျော်က သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်နှင့် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ သန်းခေါင်စာရင်းဥပဒေတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းသောင်းရွှေက ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာအကြောင်းအရာများကို ပိုမိုသိရှိနားလည်စေရန် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်လာသူများမှ သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ စာစီစာကုံးပြိုင်ပွဲတွင် ထက်/လယ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၇၁ ဦး၊ ကဗျာပြိုင်ပွဲတွင် ထက်/လယ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၅၃ဦး စုစုပေါင်း၁၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**

*-*-*-*-*

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အသိပေးပညာပေးဟောပြောပွဲ ပြုလုပ်

**နတ်မောက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နတ်မောက်မြို့နယ်ရုံးမှ ဒေါ်ဉမ္မာခင်(ဦးစီးအရာရှိ)က စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းစီ၏ အသိုင်းအဝိုင်းများနှင့် အပြည့်အဝ ထိတွေ့ဆက်ဆံရန်၊ သတင်းအချက်အလက်ရယူရန်နှင့် ဆုံးဖြတ်ချက်များကို ချမှတ်ရန်အရေးပါကြောင်း၊ စာတတ်မြောက်ခြင်းသည် ပုဂ္ဂိုလ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ပြီး အခွင့်အရေးများကို ပိုမိုနားလည်သဘောပေါက်နိုင်စေမှာဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုရယူရန်၊ ပညာရေးကိုလိုက်စားရန် အထောက်အကူပြုပါကြောင်း၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းများ နားလည်သဘောပေါက်ပြီး ဖြေရှင်းနိုင်ရန် ကူညီပေးသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ရန်အတွက် စာတတ်မြောက်မှုသည် အရေးကြီးပါကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲအပြီး၌ ရုံးရှေ့တွင်ပြသထားသော မူးယစ်အသိပညာပေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး စသည့် အသိပညာပေးအကြောင်းအရာများကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လှဝင်း**

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေပြည်တော်

## စာမတတ်သူပပျောက်ရေး တို့များဝိုင်းကူပေး

\- - - - - - - - - - - -

*  စာမတတ်လျှင် အကန်းသွင်
လွန်စွာခက်ခဲလှ ။
လူ့လောကတွင် ရာမဝင်
ရှန်းကန်ခက်ခဲရ ။

*  စာမတတ်သူ တို့ဝိုင်းကူ
ကူညီစောင့်ရှောက်ကြ ။
"အ" သုံးလုံးကြေတတ်အောင်ပေ
ဝိုင်းလေ သင်ပေးကြ ။

*  ရေး၊ ဖတ်၊ တွက် ကာထိုပညာ
လူတိုင်းတတ်ထားမှ ။
တိုင်းပြည်အခြေ မြင့်အောင်လေ
ခြေနေဖန်တီးကြ ။

*  စာမတတ်တွေ ပပျောက်မှ
တိုင်းခြေမြင့်မည်ပ ။
စီမံချက်ချ ဆောင်ရွက်မှ
မြင့်မည် လူ့ဘဝ ။

*  မြန်မာပြည်မှာ ကြိုးစားကြ
ဆုများရဖူးစွ ။
နိမာဆုနှင့် မိုဟာမက်ရီဇာပါလာသီ
ကမ္ဘာချီ ချီးမြှင့်ရ ။

*  ရှိန်ဟုန်မြင့်ကာ ကြိုးစားကြ
တို့များဝိုင်းကူမှ ။
တိုင်းနိုင်ငံလှ ပြည်ရွာဝ
စာမတတ်သူ ပပျောက်မှ ။ ။

**နိုင်ဗလ**



## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**ကွန်ဟိန်း စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲအား စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ပညာဥယျာဉ်မှူး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ဆရာမပြ နည်းမကျ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "ကြယ်ရူဝံပမာ မြတ်ဆရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "ဆရာသခင် ကျေးဇူးရှင်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ ကွန်ဟိန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်နန်းဖြူဆိုင်နှင့် တာဝန်ရှိ ဆရာ၊ ဆရာမများမှ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

## သတင်းပဒေသာ

### စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောခြင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီခွဲက အ-မ-က(ဝမ်မိုင်)ကျောင်းသို့ သွားရောက်ပြီး အသိပညာပေးလုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြော

ကျောင်းသား၊ ကျောင်းသူလူငယ်များ လူကုန်ကူးမှုအန္တရာယ်အကြောင်း သိရှိနိုင်စေရန်ရည်ရွယ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (community centre) တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်များ ကွင်းဆင်းငှားရမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့တွင် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်များ ကွင်းဆင်းငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက်(၉)နာရီက အမက မိုင်းယိုင်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မျောက်ကျောက်ရောဂါ ကာကွယ်ရေး အသိပေးရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ မျောက်ကျောက်ရောဂါအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်နှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လိုက်နာနိုင်စေရန်ရည်ရွယ်၍ မျောက်ကျောက်ရောဂါ (Mpox) ကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းမြက်ခင်းပြင်နေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လမ်းအမှတ်အသား လဲလှယ်တပ်ဆင်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်၊ (အရှေ့ပိုင်း)မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မြို့နယ်လမ်းဦးစီးဌာနမှလမ်းအမှတ်အသားများ အသစ်လဲလှယ်တပ်ဆင်ပြီးစီးမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီး၊ မြို့နယ် ကျေးလက်လမ်း၊ မြို့နယ်စည်ပင်ဌာနများနှင့် ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ဥပဒေရေးရာအသိပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ သိကောင်းစရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဟောပြောခြင်း စသည့် လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် (၁၀)နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယာယီနေရပ်စွန့်ခွာမိသားစုဝင်များအား စားသောက်ကုန်များထောက်ပံ့၊ ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်းတွင် ခေတ္တတည်းခိုနေထိုင်ကြသော ယာယီနေရပ်စွန့်ခွာမိသားစုဝင်များအား စားသောက်ကုန်များ ထောက်ပံ့ခြင်းနှင့် ငွေလှူဒါန်းပွဲကို စက်တင်ဘာ ၆ရက် နံနက် ၁၀နာရီက ကျောင်းအုပ်ဆရာမကြီးရုံးခန်းတွင် ကျင်းပရာ အလှူရှင်များ ယာယီနေရပ်စွန့်ခွာမိသားစုများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် ဦးဌေးကြွယ်(အောင်ရတနာဌေး)မိသားစုက ငွေကျပ် ၁သိန်း ဦးမြင့်ဇော်+ဒေါ်ကျင်ငွေ (မြင့်ဇော်မျက်မှန်) မိသားစုက ငွေကျပ်၁သိန်း၊ တိုက်ခန်းမိသားစုများမှ ငွေကျပ် ၂သိန်း၊ ဦးဇေယျာမင်း+ဒေါ်သန်းသန်းနွယ် မိသားစုက ငွေကျပ်၁သိန်း၊ အထက(၁၀) ကျောင်းသားဟောင်းလူငယ်များမှ ငွေကျပ်၁သိန်း၊ ဦးကျော်နိုင်မင်း(ဂုဏ်ထူးပန်းကျူရှင်)က ငွေကျပ် ၅သောင်း၊ ဦးကျော်ဆန်း+ဒေါ်မာမာဦးက ငွေကျပ်၅သောင်း၊ ဦးတင်နိုင်စိုး+ဒေါ်ဝေဝေက ငွေကျပ် ၅သောင်း၊ ဦးရန်အောင်ခိုင်မင်း+ဒေါ်ကြေးမုံဝင်းက ငွေကျပ် ၅သောင်း၊ ဦးမောင်မောင်လှိုင်+ဒေါ်အေးအေးမော်က ငွေကျပ် ၅သောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ ဝန်ထမ်းမိသားစုများက ဆန် ၄၅ပြည်၊ ဒေါက်တာစိုးနိုင်ထွန်း+ ဒေါက်တာစုမွန်လှိုင်(မိတ်ဆွေစစ် ဆေးနှင့်ဆေးပစ္စည်း)မိသားစုက ကြက်ဥ အလုံး(၇၀၀)၊ ဦးအောင်မြင့်စိုး (Healthy Max) တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက အစာအိမ်နှင့် အဆစ်မြစ်ရောင်ရောဂါဆေး ငွေကျပ် ၅သိန်းဖိုးနှင့်ဦးမြင့်အောင်+ဒေါ်သင်းသင်းလွင်(အမျိုးသားဆပ်ပြာစက်)အဝတ်လျှော်ဆပ်ပြာချောင်းများလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ကျောင်းဆောင်များတွင် နေထိုင်သော ယာယီနေရပ်စွန့်ခွာ မိသားစုများအား ခွဲဝေပေးခဲ့သည်။

အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူးဦးကျော်နိုင်မင်းနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၄၅)**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**တံတားဦး စက်တင်ဘာ ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် (ဒုတိယ) အကြိမ်မြောက် တံတားဦးခရိုင်ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၆ရက် နံနက်၉နာရီက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက သွေးလှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးခရိုင်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေကြသည့် တပ်ဖွဲ့ဝင် ၂၅ဦးအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အောက်ဝဲပုံ)**



(၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းသည် သွေးအတွက် လိုအပ်သည့် ပြည်သူများ၏အသက်ကို ကယ်တင်ပေးခြင်းဖြင့် လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သွေးများမလှူဒါန်းမီအချိန်တွင် သွေးပေါင်စစ်ဆေးခြင်း၊ သွေးအမျိုးအစားခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွေးလှူဒါန်းပေးသော တပ်ဖွဲ့ဝင်များအား ကြက်ဥ ၁၀လုံး၊ Nutrivita ၁၀လုံးပါတစ်ကဒ်၊ Royal-D တစ်ဗူး၊ ယံယံသုံးထုပ်၊ ငှက်ပျောတစ်ဖီးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း တံတားဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **(၄၀၉)**

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းတို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးမှူးများ ဦး/ ရေး/ ထောက်/ ငွေစာရင်း/ အင်ဂျင်နီယာအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ရက်က Zoom meeting ဖြင့် ကျင်းပသည်။




ညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ဦး/ ရေး/ ထောက်နှင့် ငွေစာရင်းဆိုင်ရာလုပ်ငန်းများကို တင်ပြရာ ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူးများက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးမှ ခရိုင်နှင့်မြို့နယ်များမှ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)(မောင်ပြည်သူ)**

# လတော်သလင်း လှေပြိုင်ခြင်း မင်းခင်းသဘင်တော်

မန်းမြေမှ ပန်းသပြေ

မြန်မာတို့၏ တစ်နှစ်တာကာလ တစ်ဆယ့်နှစ်လရှိသည့်အနက် လရာသီတိုင်း မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များအထဲ တော်သလင်းလတွင် ကျင်းပသော လှေလှော်ပြိုင်ပွဲလည်း တစ်ခုအပါအဝင်ဖြစ်သည်။ တော်သလင်းလသည် ရာသီဥတုအားဖြင့် လွန်စွာမှ သာယာ၍ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော လတစ်လလည်းဖြစ်သည်။ မြစ်ရေပြင်တွင်လည်း ရေများပေါများကာ ဖွေးဖွေးလျှံတက် လှိုင်းလေငြိမ်သက်သော ကာလလည်းဖြစ်သည်။ ‘လတော်သလင်း မြစ်တွင်းသင်းဖြူးခင်း’ဆိုသလို လှိုင်းလေများကင်းရှင်းကာ မြစ်ရေပြင်တွင် သင်ဖြူးခင်းထားသည့်အလား ဥတုကသာယာ၍ ညီညာပြန့်ပြူးသော ရေ၏မျက်နှာပြင်ကြောင့် ရှေးမြန်မာမင်းများလက်ထက်မှစ၍ လှေလှော်ပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်။

တော်သလင်းလသည် ‘ကန်ရာသီ’ဖြစ်သည်။ ‘ကန်ရာသီ’ကို သက္ကတဘာသာစကားအရ ‘ကန္ယာ’၊ မြန်မာလို ‘ကညာ’ (သို့မဟုတ်)‘ကန်’ဟု အဓိပ္ပာယ်ရသည်။ ဇောတိသတ္တကျမ်းအလိုအရ ‘ကန္ယာစ-ကန်ရာသီကား၊ သသသဒဟနဝ-လက်တစ်ဖက်ကား ကောက်နှံစပါးတစ်ဆုပ်၊ ကျန်သော လက်တစ်ဖက်ကား ဆီမီးတိုင်ကို ကိုင်လျက် လှေစီးနေသော မိန်းမပျိုသဏ္ဌာန်ရှိ၏’ ဟု ကန်ရာသီ၏ ပုံသဏ္ဌာန်ပြဆိုထားသည်ကို တွေ့ရှိရပါသည်။ ရာသီပန်းမှာ ရင်းမာပန်း၊ အင်ကြင်းပန်းများ ကြိုင်လှိုင်စွာ ပွင့်ကြသည်။

ထိုသို့ ကောင်းမြတ်သောအချိန်အခါ ကောင်းမြတ်သော ရာသီဥတုကြောင့်လည်း လှေလှော်ပြိုင်ပွဲများကို ဆင်နွှဲခဲ့ကြဟန်ရှိသည်။ လှေလှော်ပြိုင်ပွဲကို ရှေးယခင်က ‘မြစ်ယံပွဲ’ဟု ခေါ်သည်။ ပြိုင်ပွဲ၏ ပန်းတိုင်တွင် ပန်းတစ်စည်းကို ချိန်ဆွဲထားပြီး ရရှိအောင် လုယူကြရသည့် ပွဲဖြစ်သဖြင့် ‘ပန်းလုပွဲ’ဟုလည်း ခေါ်သည်။ ထိုပွဲသည် ဘုရင့်လှေတပ်တော်၏ သူရဲကောင်းများသည် လှေတပ်တော်၏ စစ်စွမ်းရည်ကို ပြသပြိုင်ဆိုင်ကြသည့် ပွဲဖြစ်သည်။ ရှေးယခင်က တချို့သောမင်းများလက်ထက် နန်းတွင်းသူ၊ နန်းတွင်းသားများနှင့် ဘုရင့်လှေတော်အမှုထမ်းများသာ ယှဉ်ပြိုင်ခွင့်ရှိခဲ့သည်။ နောက်များတွင် လှေပြိုင်ပွဲကို မင်းညီမင်းသားများနှင့် ဘုရင့်ရေတပ်တော်သာမက ရွာသူ၊ ရွာသား ခွန်အားရှိသူများလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပြီး စွမ်းဆောင်အောင်နိုင်သူများကို ဘုရင်၏ မင်းမှုထမ်းများခန့်အပ်၍ သူရဲကောင်းစစ်သည်အင်အား စုဆောင်းတိုးချဲ့ခဲ့သည်။ ထိုလှေလှော်ပြိုင်ပွဲများကို ‘လှော်ကားမှူးကြီး’မှ ဦးစီးဆောင်ရွက်သည်။ ယခုအခါ ထိုလှေလှော်ပြိုင်ပွဲများကို နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများအဖြစ်ဖြင့် ရပ်ထဲရွာထဲမှ နာမည်ကြီးလှေလှော်အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ရပ်လုံးပါ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

လှေလှော်ပြိုင်ပွဲ ကျင်းပပြီးစီးသွားသောအခါ ဘုရင့်လှေတပ်တော်သည် လှေလှော်၊ လှေခွင်းပြုလုပ်၍ မင်းစီးလှော်ကားလှေကို ရှေ့ဆုံးတွင်တည်စေလျက် ရာထူးရာခံအလိုက် အရာထမ်း၊ အမှုထမ်းကြီးများ၏ လှေတော်များကို နောက်တော်ပါးမှ လိုက်ပါစေပြီး ရေတပ်တော်ကြီးဝန်းရံကာ ရေစုန်၊ ရေဆန်လှော်ခတ်၍ ခမ်းနားထည်ဝါစွာ ကြွချီတော်မူပါသည်။ လှေများ၏ လှော်ခတ်သံများနှင့်အတူ ‘လှေချင်း’ဟုခေါ်သော တက်ရေး ၃၇ ချင်းအလိုက် တေးသီချင်းများကို သီဆိုလျက် မြန်မာ့ရေတပ်တော်၏ ရဲစွမ်းသတ္တိကို ဖွင့်ပြကြသည်။ မြန်မာဘုရင်များ၏ ရေတပ်တော်အတွက် ကြံ့ခိုင်သန်မာ၍ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော သူရဲကောင်းများကို ရွေးချယ်သည့် ဤရေပွဲသဘင်သည် စစ်ရေးကြိုတင်လေ့ကျင့်ရာ ပွဲလည်းဖြစ်သဖြင့် မြန်မာဘုရင်မင်းများ လွန်စွာနှစ်သက်တော်မူကြသည်။ ထိုသည်မှစ၍ တော်သလင်းလတွင် လှေလှော်ပြိုင်ပွဲများကို စတင်ခဲ့သည်။

ရှေးခေတ်မြန်မာ့ရေတပ်တော်အတွက် စွမ်းအားပြိုင်ဆိုင်ကြသော လှေပြိုင်ပွဲသဘင်(ခေါ်)ပန်းလုသဘင်ကို တစ်နည်းဆောင်ရွက်ကြသေးသည်။ ပန်းတိုင်တွင် ချိတ်ဆွဲထားသော အဝါရောင်စက္ကူပေါ်၌ အနက်ရောင်စက်ဝိုင်းသဏ္ဌာန်ရှိရာသို့ ဦးစွာရောက်ရှိ၍ ပန်းဆွတ်သူသည် ရအောင်ဆွတ်ယူရသည်။ ထို့ကြောင့် ထိုသူကို ‘ပန်းဆွတ်သူ’ဟု ခေါ်ကြသည်။ ထိုအောင်ပန်းကို အဆွတ်မတတ်၍ လှေပေါ်မှပြုတ်ကျလျှင် အရှုံးဖြစ်သည်။ ထိုသို့ ဘုရင့်ရေတပ်တော်အတွက် ရေကြောင်းစစ်ဆင်ရေး လေ့ကျင့်ခြင်း၊ ကျန်းမာသန်စွမ်း၍ ကြံ့ခိုင်သန်မာသော လှေတော်သားသူရဲကောင်းများ ရွေးချယ်ခြင်းမှစ၍ လှေပြိုင်ပွဲများအဖြစ် သက်ဆင်းလာသည်ဟု ဆိုကြပါသည်။

ရှေးမြန်မာမင်းများလက်ထက်ကဆိုလျှင် ရေတပ်သားရဲမက်တစ်ဦးဖြစ်လာရန် မလွယ်ကူပေ။ တိုက်ရည်၊ ခိုက်ရည်ကောင်းပြီး အောင်ပွဲအလီလီ ရအောင်ကြိုးစားကြရသည်။ ရိုးရိုးခြေလျင်ရဲမက်တစ်ဦးသည် တိုက်ပွဲ ၁၀ ပွဲအောင်နိုင်ရရှိမှ မြင်းတပ်သားရဲမက်ဘဝရရှိသည်။ မြင်းတပ်သားရဲမက်အဖြစ်ဖြင့် တိုက်ပွဲ ၁၀ ပွဲ အောင်နိုင်ရရှိမှ ဆင်စီးတပ်သားရဲမက်ဖြစ်ရသည်။ ဆင်စီးတပ်သားရဲမက်ဘဝဖြင့် တိုက်ပွဲ ၁၀ ပွဲအောင်နိုင်မှ လှေတော်သားရဲမက်ဖြစ်လာရသည်။ ထို့ကြောင့် ဘုရင်၏ရေကြောင်းတပ်တော်ကို လက်ရွေးစင်စစ်သည်တော် ရေတပ်သားရဲမက်များနှင့် ဖွဲ့စည်းထားသည်ဟု ဆိုပါသည်။

ထိုလှေလှော်ပြိုင်သောပွဲသဘင်ကို ရှေးမင်းများလက်ထက်က မြစ်နဒီရေပြင် ငြိမ်သက် လှိုင်းဂယက်ကင်းစင် ကြေးမုံအသွင် ညီညာပြန့်ပြူး၊ လေရူးမနှောက်သောကာလ တော်သလင်းလ၏ လဆန်း ၈ ရက်၊ လပြည့်ရက်၊ လဆုတ် ၈ ရက်၊ လကွယ်ရက်တို့တွင် ကျင်းပကြသည်ဟု မှတ်သားဖူးပါသည်။ မြန်မာနိုင်ငံတွင် ပုဂံခေတ် ‘အလောင်းစည်သူမင်း’လက်ထက်မှစတင်၍ ကုန်းဘောင်ခေတ် ‘သီပေါမင်း’လက်ထက်တိုင်အောင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

ပြိုင်ပွဲဝင်လှေများသည်လည်း သူ့ခေတ်အလိုက် အမည်အမျိုးမျိုးရှိကြသည်။ အလောင်းစည်သူမင်းလက်ထက် ပုဂံခေတ်တွင် ‘လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းတော်၊ ရဲလှေတော်’ဟူသော အမျိုးမျိုးသောလှေများဖြင့် ပြိုင်ပွဲဝင်ကြသည်။ အမရပူရ ကုန်းဘောင်ခေတ်ရောက်လာသောအခါ ပြိုင်ပွဲဝင်ကြမည့် လှေတော်များသည် ‘ရွှေခဲလှေတော်၊ နတ်မြားလှေတော်၊ သောင်းတင်းလှေတော်၊ ရွှေတုံးလှေတော်၊ ရွှေလောင်းကြီးလှေတော်’တို့ ဖြစ်ကြသည်။ လှေများလှော်ခတ်ပြိုင်ဆိုင်ရာ၌ လှေတပ်တော်သားများသည် အစုအသင်းဖွဲ့၍ လေ့ကျင့်ကာ ယှဉ်ပြိုင်ကြရသည်။ ရေတပ်တော်သားများ ပြိုင်ပွဲဝင်မည့် အမှုအရာကို ပေါ်လွင်အောင် ‘ဦးထုပ်ကားရွှေ၊ ငွေကားလက်ကြပ်၊ နီလှပ်ဝတ်စား၊ လှေရင်းသားတို့၊ ရွှေပြားရိုးရ၊ ချူးဆွဲတက်ကျ၊ ချလည်းတညီ၊ ချီလည်းတသွယ်၊ သတ်လည်းညီအောင်၊ ဟန်ရေးဆောင်သည်’ဟု ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့ပေသည်။

လှော်ကားတော်လှေနှင့်ပတ်သက်၍ ရွှေဘုံနိဒါန်းတွင် ပြဆိုထားသည်မှာ အလောင်းစည်သူမင်းကြီး သင်္ကန်းနက်ဖောင်တော်ဖြင့် ဇမ္ဗူဒိတ်တစ်ကျွန်းလုံး လှည့်လည်သွားရာတွင် တစ်ခုသောဒေသ၌ အလွန်ကြီးမားသော ကင်းပုစွန်ကြီးသည် ဆင်စွယ်များကို အသိုက်ပြုကာနေသည်ကို တွေ့ရှိရသည်။ မင်းကြီးသည် ဆင်စွယ်များကို ရယူတော်မူလိုသဖြင့် ကင်းပုစွန်ကြီးကို ခြောက်လှန့်ကာ အဝေးသို့ဖယ်ရှားစေလျက် ဆင်စွယ်များကို ဆောင်ယူတော်မူခဲ့သည်။ ကင်းပုစွန်ကြီးသည် သူ၏ပစ္စည်းများ ယူသွားသည်ကို မကျေနပ်သဖြင့် ပင်လယ်အတွင်းထိ ရေကို ကူးခတ်ကာ လိုက်လံရန်ပြုသည်။ သို့သော် ဖောင်တော်ကိုမှီအောင် မလိုက်နိုင်သည့်အဆုံး ဒေါသကြီးစွာ ဦးခေါင်းနှင့် အမြီးထောင်လျက် မကျေမနပ်ဖြင့် ကျန်ရစ်သည့်ပုံကို အတုယူပြီး ‘လှော်ကားလှေ’အဖြစ် ပြုလုပ်တော်မူသည်ဟု ပြဆိုထားပါသည်။

လှေလှော်ပြိုင်ပွဲတွင် လှေလှော်ရင်းစိတ်အားတက်ကြွလာအောင် သီဆိုကြသော တေးသီချင်းများမှာ မိမိလှေနှင့်ပတ်သက်သော တေးသီချင်းများနှင့် လှေလှော်ပုံ၊ လှေလှော်နည်းစနစ်ဖြစ်သည့် တက်ရေး ၃၇ချင်းပါ တေးသွားဆိုင်ရာ တေးသီချင်းများကို သီဆိုလှော်ခတ်ကြသည်။ လှေလှော်ပုံနည်းစနစ် တက်ရေး ၃၇ ချင်းကို ဆရာကြီးဦးသုခ၏ သုခမှတ်စုတွင် ပြဆိုထားသည်မှာ ဘုရားရှိခိုး၊ ရွှေလောင်းချီ၊ ရွှေလောင်းထွက်၊ ရွှေဘောင်ရှည်၊ တက်ကောက်၊ တက်မြောက်၊ တက်တန်း၊ တက်စောင်၊ တက်ထောင်၊ တက်ယှက်၊ တက်ဝှက်၊ တက်ခတ်၊ တက်လှ၊ အိမ်မိုးခြင်တင်၊ ဇင်ယော်သုတ်၊ ဇင်ယော်ဝဲ၊ ဝမ်းဘဲတောင်ဖြန့်၊ ဝမ်းဘဲကန်၊ လက်မြန်၊ ခေါ်တော်မူ၊ နတ်သမီးပန်းဆွတ်၊ နတ်သမီးပန်းလှမ်း၊ နတ်သမီးပန်းတောင်း၊ စပယ်ငုံ၊ သန်လျက်ထမ်း၊ ဆေးတံတော်ထိုး၊ ရာဇမှတ်ကြီး၊ ရာဇမှတ်ငယ်၊ နေရောင်ကာ၊ နေရောင်ပြေး၊ တင်းတိမ်ရံ၊ တင်းတိမ်လှစ်၊ သုံးချက်ပေါက်၊ သုံးဖန်ချီ သုံးဖန်ချ၊ ဆင်စွယ်ဝန်းယှက်၊ ကိန္နရာတောင်ယှက်၊ ရွှေငှက်တော်ခတ် စသည်တို့ဖြစ်ကြကြောင်း မှတ်သားရပါသည်။

လှေလှော်ပြိုင်ပွဲပြီးလျှင် ဘုရင်မင်းမြတ်သည် အနိုင်ရရှိသူတို့ကို ဆုတော်လာဘ်တော်များ ချီးမြှင့်မြောက်စားတော်မူသည့်အပြင် ရာထူးရာခံများတိုးကာ ခန့်ထားတော်မူပါသည်။ မင်းနေပြည်တွင်သာမက တိုင်း၊ နိုင်ငံအနယ်နယ်အရပ်ရပ်၌ လှေမှူးကြီးများက ကြီးကြပ်စေ၍ လှေပြိုင်ပွဲသဘင်ကို ကျင်းပစေပါသည်။

ထိုကဲ့သို့ တော်သလင်းလတွင် လှေလှော်ပြိုင်ပွဲသဘင်ကို ပျော်ရွှင်စွာဆင်နွှဲကြသလို ‘သစ်ဆင်းပွဲ’ဆိုတာလည်း ရှိပေသေးသည်။ ‘သစ်ဆင်းပွဲ’ဟူသည် မိုးလေဝသငြိမ်သက်သည့်လမို့ အထက်အညာဒေသမှနေ၍ သစ်ဖောင်၊ ဝါးဖောင်များ စုန်ဆင်းမျှောချခြင်းကို ‘သစ်ဆင်းပွဲ’ဟုလည်း တချို့ကဆိုကြသည်။ အခြားအဆိုတစ်ခုမှာ မြစ်ပြင်အတွင်းတွင် စင်အမြင့်ဆောက်၍ ခုန်ချသောပွဲဟုလည်း ပြောကြသည်။ အုန်း၊ ငှက်ပျော၊ ပန်းနံ့သာ၊ မုန့်ဖြူ၊ မုန့်နီ၊ ကွမ်းယာ၊ လက်ဖက်၊ ငါးကြော်၊ ကောက်ညှင်းတို့တင်သ၍ နတ်ဆိုင်းများတီးကာပူဇော်ရင်း ထိုပွဲသဘင်ကို ဆင်နွှဲကြသည်ဟု ဆိုပါသည်။ရေသို့ခုန်ဆင်းသူသည် မှောက်လျက်ကျလျှင် မိုးလေဝသကောင်းမည်၊ ကောက်ပဲသီးနှံဖြစ်ထွန်းမည်ဟုလည်းကောင်း၊ ပက်လက်ကျလျှင် မိုးခေါင်ပြီး ဆန်ရေစပါးရှားပါးမည်ဟုလည်းကောင်း ယူဆကြသည်။ ထိုပွဲတော်ကို ဒုတိယအင်းဝမင်းခေါင်ခေတ်တွင် ပေါ်ပေါက်ခဲ့ပြီး တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်။ အင်းဝခေတ်နောက်ပိုင်း ကုန်းဘောင်ခေတ်တွင် ‘သစ်ဆင်းပွဲ’နှင့်ပတ်သက်သော မှတ်တမ်းများကို မတွေ့ရှိရတော့ဟု ဆိုပါသည်။

ထို့ပြင် ဘာသာရေးအရ တော်သလင်းလပြည့်နေ့သည် ‘ဂရုဓမ္မအခါတော်နေ့’ဖြစ်သည်။ သင်္ဂါလောဝါဒသုတ်တော်လာ လူတို့၏ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်များဖြစ်သည့် ကိုယ်ကျင့်တရားများကို စောင့်ထိန်းကြစေရန် ဟောကြားသောနေ့ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာ ဆွမ်းတော်ကြီးတင်လှူပွဲကိုလည်း ခမ်းနားစွာပြုလုပ်လှူဒါန်းကြသည်။ သားသမီးဝတ်၊ မိဘဝတ်၊ တပည့်ဝတ်၊ ဆရာဝတ်၊ လင်ဝတ်၊ မယားဝတ်စသည်ဖြင့် လူတိုင်းကိုယ်စီလုပ်ဆောင်ရမည့် ဝတ္တရားများကို ဟောကြားသင်ပြ ဆုံးမနာယူကြသော အခါသမယလည်းဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ‘ရွှေကြက်ယက်၊ ရွှေကြက်ကျ’ဘုရားပွဲတော်သည် တော်သလင်းလပြည့်ကျော် ၈ ရက်တွင် နှစ်စဉ်ကျင်းပသည်။ ထိုဘုရားပွဲတွင် ‘လှေဦးတိုက်ပွဲ’ခေါ် လှေလှော်ပြိုင်ပွဲသည်လည်း ပါဝင်မြဲဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ အားကစားသည် ယခုတိုင်အောင် ရှင်သန်နေဆဲဟု ဆိုရပေမည်။ ဘုရားပွဲတော်ကို အနီးအနားဝန်းကျင်တွင်ရှိ ကျေးရွာ ၁၄ ရွာမှ လာရောက်ကြသလို၊ လှေလှော်ပြိုင်ပွဲသည်လည်း ကျေးရွာ ၁၄ ရွာမှ လှေလှော်သားများ အားတက်သရော ပါဝင်ယှဉ်ပြိုင်ကြသဖြင့် လွန်စွာမှ စည်ကားလှပါသည်။

အချုပ်ဆိုရသော် ဘာသာရေးဆောင်ရွက်ချက်များ ဆက်နွှယ်၍ ကုသိုလ်ပြုရင်း ကိုယ်ကျင့်တရားဝတ္တရားများကို ကောင်းမွန်စွာကျင့်ဆောင်သင့်ကြသလို၊ တစ်ဖက်မှလည်း မြန်မာ့ရေတပ်တော်အတွက် သူရဲကောင်းရွေးချယ်ပွဲဖြစ်သည့် တော်သလင်းလ၏ ကျက်သရေဆောင် မြစ်ရေပြင်ဖွေးဖွေး လေနုအေးအေးလေးမှာ ပြိုင်ပွဲဝင်ကြမည့် လှေလေးများ၏ တရွေ့တရွေ့လှုပ်ရှား ဓာတ်သွေး၊ ဓာတ်မာန်များ ဝင့်ကြွားနေကြသည့် ရိုးရာအားကစား လှေလှော်သားများကို ကြည့်ရှုအားပေးသင့်လှပေသည်။

## ပုပ္ပားတောင်ကလပ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကို ယခုနှစ်တွင် အတီး၊ အမှုတ် ပွဲသဘင်များမပါဘဲ ကျင်းပသွားမည်ဟု သိရ



**ကျောက်ပန်းတောင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားတောင်ကလပ်တွင် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော်လည်း၊ ယခုနှစ်ကျင်းပမည့် (၇၂)ကြိမ်မြောက် ဘိုးတော်ထွက်ပွဲတွင် ပွဲမီးနှံတောင်းခံခြင်း၊ ခွင့်ပြုချက်ရယူထားခြင်းမရှိသဖြင့် အတီး၊ အမှုတ် ပွဲလမ်းသဘင်များနှင့် နတ်ကနားပွဲများ ထည့်သွင်း ကျင်းပခြင်းမပြုပဲ၊ အမိဋ္ဌာန်ပွဲပေးခြင်းနှင့် ဘုရားဖူးလာရောက်ခြင်းများကိုသာ စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုသွားမည် ဖြစ်သည်။

မြန်မာပြည် အလယ်ပိုင်း၊ မိုးနည်းရပ်ဝန်းဒေသ၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် ဘိုးတော်အောင်မင်းခေါင်ပြည်တော်ဝင် ထွက်ပွဲ၊ အောင်ပွဲကို၊ နှစ်စဉ်နှစ်တိုင်း တော်သလင်းလပြည့်နေ့မှ တော်သလင်းလပြည့်ကျော် ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး၊ မြန်မာပြည်အနယ်နယ်၊ အရပ်ရပ်မှ ယုံကြည်ကိုးကွယ်ကြသူများက အမိဋ္ဌာန်ပြု အုန်း၊ ငှက်ပျောပွဲတင်ခြင်း၊ ဘိုးမင်းခေါင်အား ဦးထိပ်ထား၍ စတုဒိသာ ကျွေးမွေးခြင်း၊ အလှူအတန်းများပြုလုပ်ခြင်းနှင့် အမိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ဆောင်ရွက်ကြလေ့ရှိပြီး၊ အချို့အဖွဲ့များက ရှမ်းအိုးစည်များ တီးခတ်လှည့်လည်၍ ပူဇော်ဖျော်ဖြေခြင်းများ ပြုလုပ်ကြကြောင်းနှင့် နတ်နန်းများနှင့် အချို့ဘုန်းတော်ကြီးကျောင်း ရိပ်သာများတွင် အတီး၊ အမှုတ်၊ အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ နတ်ကနားပွဲပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ သို့ရာတွင် ယခုနှစ် (၇၂)ကြိမ်မြောက် ဘိုးတော်ထွက်ပွဲတွင် အဆိုပါပွဲလမ်းသဘင်များအတွက် ပွဲမီးနှံတောင်းခံခြင်း၊ ခွင့်ပြုချက်တစ်စုံတစ်ရာရယူခြင်းများမရှိသဖြင့် အတီး၊ အမှုတ်၊ အကအခုန်များ၊ နတ်ကနားပေးခြင်းများနှင့် ရှမ်းအိုးစည်အဖွဲ့များကို ခွင့်ပြုပေးသွားမည် မဟုတ်ပဲ၊ နှစ်စဉ်ဆောင်ရွက်နေကျ အမိဋ္ဌာန်ပြု ပွဲတင်ခြင်းနှင့် အမိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်း၊ ဘုရားဖူးလာရောက်ခြင်းများကိုသာ တောင်ကလပ် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် ဘုရားဖူးပြည်သူများသွားလာရေး အဆင်ပြေစေရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း ဘဏ္ဍာထိန်းဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၆)

*-*-*-*-*



## ကျဉ်းမြောင်းနေသည့် လမ်းပိုင်းနေရာအား လမ်းတိုးချဲ့ပြီး ကတ္တရာများ ခင်းကျင်းပေး

**ကျောက်ဆည် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်လမ်းဦးစီးဌာနမှ ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သားလမ်း၌ ကျဉ်းမြောင်းနေသည့် လမ်းပိုင်းနေရာအား လမ်းတိုးချဲ့ပြီးကတ္တရာများ ခင်းပေးခဲ့သည်။

အဆိုပါ လမ်းပြုပြင်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ(ငွေလုံး၊ ငွေရင်း) ငွေကျပ် ၁၈၂ ဒသမ ၀၀၀ သန်းဖြင့် လမ်း၏ကျဉ်းမြောင်းနေသည့် (၁၀ ဒသမ ၄၇) ကီလိုမီတာနှင့်(၁၁ ဒသမ ၂၇) ကီလိုမီတာကြားရှိ လမ်းအရှည် (၀ ဒသမ ၈)ကီလိုမီတာအား မူလအကျယ်(၃ ဒသမ ၆၆)မီတာမှ အကျယ်(၅ ဒသမ ၅)မီတာသို့ လမ်းတိုးချဲ့ခြင်းများ ပြုလုပ်ခဲ့ပြီး ကတ္တရာထပ်ပိုးလွှာများ ခင်းပေးခဲ့သည်။

ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သားလမ်းသည် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့အား ဆက်သွယ်ထားသည့် အတိုဆုံးလမ်းဖြစ်သောကြောင့် ပြည်သူများ အများဆုံးသုံးစွဲသည့် လမ်းတစ်လမ်း ဖြစ်ကြောင်းနှင့် လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် လမ်းဘေး ဝဲ၊ ယာမှ ကျေးရွာပြည်သူများနှင့် လမ်းအသုံးပြုမည့်ပြည်သူများအတွက် ကုန်ပစ္စည်းများနှင့် လူမှု၊ စီးပွားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်လာသည့်အတွက် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၅)

## မြန်မာနိုင်ငံမှ မလေးရှားသို့ သိုးနှင့် ဆိတ်အရှင်တင်ပို့ခွင့် သဘောတူညီချက်ရရှိပြီး ဆိတ်အရှင် ၁၅၀၀ တင်ပို့မည်

**မန္တလေး စက်တင်ဘာ ၈**

မြန်မာနိုင်ငံမှ သိုးနှင့် ဆိတ်အရှင်များကို မလေးရှားနိုင်ငံသို့ တင်ပို့ခွင့်ကို နှစ်နိုင်ငံသဘောတူချက်ရရှိပြီးဖြစ်ရာ ပထမအသုတ်အဖြစ် ဆိတ်အရှင် ၁၅၀၀ တင်ပို့မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့တင်ပို့နိုင်ရန်အတွက် ပြီးခဲ့သည့် ဖွန်လလောက်ကစ၍ ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံသား ကုမ္ပဏီတစ်ခုမှ ပျော်ဘွယ်မြို့နယ်တွင် ယာယီစုဆောင်းထားသော ဆိတ်အရှင်များဖြစ်ကြောင်း ယင်းဌာနတာဝန်ရှိသူက ပြောသည်။

"တင်ပို့တဲ့အခါမှာ သတ်မှတ်တဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်ရပါမယ်။ တိရစ္ဆာန်ကျန်းမာရေးနဲ့ ပတ်သက်တဲ့ စစ်ဆေးမှုနဲ့ စစ်ဆေးပြီးတဲ့ လက်မှတ်မူကြမ်းကို မလေးရှားနိုင်ငံဘက် ပေးပို့ရမှာဖြစ်ပြီး သူတို့ရဲ့ အတည်ပြုချက် ရရင်တင်ပို့ခွင့်ရမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မလေးရှားနိုင်ငံသို့ တင်ပို့လိုပါက သက်ဆိုင်ရာနိုင်ငံ၏ အစိုးရဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လိုအပ်သောအချက်အလက်များပြည့်စုံသော ကုန်အမှာလက်ခံစာ ရရှိရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရန် လျှောက်ထားလာမှုအပေါ် တိရစ္ဆာန်ကျန်းမာရေးလိုအပ်ချက်များနဲ့ ပတ်သက်သည့် ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

"ပထမအသုတ်အနေနဲ့ ဆိတ်အရှင် ၁၅၀၀ တင်ပို့သွားမှာဖြစ်ပါတယ်။ မြန်မာဘက်က တိရစ္ဆာန်ကျန်းမာကြောင်း လက်မှတ်မူကြမ်းကို မလေးရှားအစိုးရထံပေးပို့ပြီး အတည်ပြုချက်ရယူခြင်းတွေကို ပြီးခဲ့တဲ့ ဖွန်လနဲ့ ဇူလိုင်လတွေမှာ ဆောင်ရွက်ခဲ့တော့ သဘောတူညီချက်ရခဲ့တာဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တိရစ္ဆာန်စုဆောင်းရက် သတ်မှတ်ပေးသွားမှာဖြစ်ပြီး၊ သီလဝါဆိပ်ကမ်းရှိ AQS စခန်းတွင် တိရစ္ဆာန်ကျန်းမာရေးနှင့်ပတ်သက်သည့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံခြင်း၊ သားလျှောရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ သံချခြင်း၊ ပြင်ပ ကပ်ပါးပိုးမွှားနှိမ်နင်းခြင်းနဲ့ Beta Ag-onist စစ်ဆေးခြင်းများဆောင်ရွက်ရမည် ဖြစ်သည်။ (ဝဲပုံ)



(မန္တလေးနေ့စဉ်-၉)

**ဥတုရာသီ တောကို မှီ၏။**



## ဆီထွက်သီးနှံနေကြာကို ဧက ၈၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးသွားမည်

**မော်လိုက် စက်တင်ဘာ ၈**

ပြည်ပမှ တင်သွင်းနေသည့် စားအုန်းဆီလျှော့ချရေးအတွက် ဆီထွက်သီးနှံနေကြာကို စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်တွင် ဧက ၈၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်သည်။

"ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီလျှော့ချနိုင်ဖို့ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ။ နေကြာရဲ့ တစ်ဧကဆီထွက်နှုန်းက မြေပဲနဲ့ နှမ်းတွေရဲ့ ဆီထွက်အားထက် များတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။

မော်လိုက်ခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးနိုင်ရန် နေကြာစိုက်တောင်သူများကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပို့ချပေးသွားရန်စီစဉ်လျက်ရှိပြီး မျိုးစေ့များ ထောက်ပံ့နိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် တောင်သူများဝယ်ယူရရှိရေးများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် နေကြာသီးနှံကို လာမည့်ဆောင်းရာသီသီးနှံအဖြစ် မော်လိုက်မြို့နယ်တွင် ဧက ၅၅၀၀ ကျော်နှင့် ဖောင်းပြင်မြို့နယ်တွင် ဧက၂၅၀၀ နီးပါးခန့် စိုက်ပျိုးရန်စီစဉ်နေခြင်း ဖြစ်သည်။

(အပေါ်ပုံ)

(၃၉၄)

# နွားနှင့်ဆိတ် မေထုန်မဲ့ သားစပ်သင်တန်း သင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၈**

သရက်မြို့ခရိုင်၊ အားကစားခန်းမ၌ စက်တင်ဘာ မွန်းလွဲ ၂ နာရီက နွားနှင့်ဆိတ် မေထုန်မဲ့ သားစပ်သင်တန်း(၃/၂၀၂၄/မက) ဆင်းပွဲအခမ်းအနားကို ကျင်းပသည်။ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးမင်းထွန်းမှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့် အသားထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ရေး၊ စားသုံးမှုဖူလုံစေရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်ထွန်းကားလာစေရန်နှင့် တိရစ္ဆာန်မျိုးကောင်း၊ မျိုးသန့်များတိုးပွားရေးအတွက် မေထုန်မဲ့ သားစပ်ခြင်းနည်းပညာဖြင့် မျိုးမြှင့်တင်သားစပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရာတွင် မိရိုးဖလာ စိုက်ပျိုးမွေးမြူခြင်းမှ ခေတ်မီစိုက်ပျိုးမွေးမြူခြင်းသို့ ပြောင်းလဲကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ သရက်ခရိုင်အတွင်း နည်းစနစ်ကျနမှန်ကန်သော မေထုန်မဲ့ သားစပ်ကျွမ်းကျင်သူအရေအတွက် တိုးပွားလာပြီး မေထုန်မဲ့သားစပ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်ရန် ရည်ရွယ်ချက်ဖြင့် သရက်ခရိုင်၌ သရက်၊ မင်းတုန်း၊ ကံမ၊ မင်းလှမြို့နယ်များနှင့် အောင်လံမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ် ၂ မြို့နယ် အပါအဝင် စုစုပေါင်း ၆ မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၁၀၂ ဦးကို ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး မေထုန်မဲ့သားစပ်ကျွမ်းကျင်ပညာရှင် ဒေါက်တာမင်းညွှန့်ဦးက စက်တင်ဘာ ၃ ရက် မှ စက်တင်ဘာ ၇ ရက်အထိ နွားနှင့်ဆိတ် မေထုန်မဲ့ သားစပ်သင်တန်း သင်ကြားပို့ချပေးခဲ့ပြီး ဆန်းစစ်ချက်ဖြေဆိုခဲ့ကြသည်။ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မေပြင်လက်တွေ့ကွင်းဆင်းခြင်းကိုလည်း သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူး ဒုတိယ ဦးစီးမှူး၊ ဒုတိယကြီးကြပ်ရေးမှူး၊ ယခင် မေထုန်မဲ့သားစပ်မွမ်းမံသင်တန်းဆင်းတို့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်စေပြီး မြို့နယ်ဦးစီးမှူးက အကဲဖြတ်သုံးသပ်ပြီး အဆင့်ဆင့် တင်ပြသွားရမှာဖြစ်ကြောင်း မေပြင်လက်တွေ့ ကွင်းဆင်းခြင်း ၁၀ ရက်အတွင်းမှာ မေထုန်မဲ့ သားစပ်ကောင်ရေ အနည်းဆုံး ၁၀ ကောင် လက်တွေ့သားစပ်ပေးသွားရမှာဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ **(ဓဓပုံ)**

အဆိုပါ သင်တန်းဆင်းပြီးသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် သင်တန်းကရရှိတဲ့ မေထုန်မဲ့သားစပ်ခြင်းဆိုင်ရာ အသိပညာအတတ်ပညာများကို စနစ်တကျအသုံးချပြီး မိမိတို့ဒေသတွင်းရှိ ဒေသနွား၊ နို့စားနွား၊ ဆိတ်မျိုးများကို မျိုးမြှင့်တင်ပေးခြင်းအားဖြင့် ဒေသအတွင်း မျိုးကောင်း၊ မျိုးသန့်တိရစ္ဆာန် ပိုမိုမွေးမြူလာနိုင်ပြီး မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး (၅)ကြောင်းသည် စက်တင်ဘာ ၆ ရက်က ဝမ်မန်းကျေးရွာအုပ်စု၊ ဝိန်းကျိုင်းကျေးရွာ၌ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုလှိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကျေးရွာနေပြည်သူများအား လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ တောမီးမရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ကျေးလက်မီးလင်းရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသည့် ဝိန်းကျိုင်းကျေးရွာနှင့် ဝမ်တုန်ကျေးရွာတို့မှ ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၅၀၅)**

# ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းစေရေးနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၈**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် အခြေခံပညာကျောင်းများ အပါအဝင် မြို့ပြသန့်ရှင်းသာယာလှပစေရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ကောင်းများ ဖြစ်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲက စံပြရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ အလှည့်ကျ ဌာနဆိုင်ရာ ၁၇ ခုမှ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများ အင်အား ၁၃၈ ဦး၊ ရပ်ကွက်ပြည်သူ ၁၀ ဦး၊ တပ်နယ် တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် မိသားစုများ အင်အား ၁၂၀ ဦး၊ စုစုပေါင်း ၂၈၃ ဦးဖြင့် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းခြင်း၊ သစ်ကိုင်းခြောက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ လှည်းကျင်း၍ အမှိုက်သိမ်းယာဉ်ပေါ်သို့ ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး၊ အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးကြီး ဟိန်းစက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၅၆)**

# စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**အထက်မင်းလှ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၌ အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မင်းလှအခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အကြို အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် 'ပညာဥယျာဉ်မှူး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'ဆရာ၊မပြ နည်းမကျ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် 'ကြယ်ခူဝံပမာ မြတ်ဆရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် 'ဆရာသခင်ကျေးဇူးရှင်' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများသို့ မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မင်းလှအခြေခံပညာအထက်တန်း၊ ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းကန်(တ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**စဥ့်ကိုင် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)စီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရှမ်းကန်ကျေးရွာအုပ်စု၊ ရှမ်းကန်(တ) ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ရှမ်းကန်(တ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှမ်းကန်(တ) ကျေးရွာမှ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာ ရပ်မိ၊ ရပ်ဖများကိုတွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရှမ်းကန်(တ)ကျေးရွာ၌ အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၄ ဒသမ ၂၈ သန်း၊ စုစုပေါင်း ငွေကျပ် ၄၈ ဒသမ ၂၈ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် 'ဩဂုတ် ၉ ရက်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။ **(၄၄၅)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်


၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဥပ္ပါတသန္တိစေတီတော်ပထမဖောင်းရစ် ရွှေသင်္ကန်းကပ်လှူခြင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန်၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြား ကပ်လှူခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ အလှည့်ကျသဘာပတိ ဦးကြည်လွင်က ၂၀၁၄ ခုနှစ်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တတိယဖောင်းရစ်နှင့် ၂၀၁၉ ခုနှစ်တွင် ဒုတိယဖောင်းရစ်တို့ကို ရဟန်းရှင်လူ ပြည်သူအများ၏ လှူဒါန်းမှုဖြင့် ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းခဲ့မှု၊ ၂၀၂၄ ခုနှစ်တွင် ပထမဖောင်းရစ်ဧရိယာရှိ ၃၅၅၆ ဒသမ ၇၂ စတုရန်းပေကို တစ်ပေပတ်လည် ရွှေစင်ရွှေပြား ၃၆၅၉ ချပ်ကို ရဟန်းရှင်လူပြည်သူအများ၏ လှူဒါန်းမှုဖြင့် ကပ်လှူခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်ကြီးကိုယ်လုံးထည် အချို့နေရာများ၌ ဆေးကွာနေမှုများဖြစ်ပေါ်နေသဖြင့် ရွှေဆေးများသုတ်ရန်လိုကြောင်း၊ ငြမ်းရှိနေစဉ် စေတီတော်မြတ်ကြီး၏ ကြံ့ခိုင်မှုများကို ဂေါပကအဖွဲ့အနေဖြင့် ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များဖြင့် စစ်ဆေးရန်၊ ပြင်ဆင်ရန်လိုအပ်ပါက ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားကပ်လှူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို မတ် ၁၃ ရက်က ကျင်းပခဲ့ရာ အလှူရှင် ၃၂၁ ဦးက ရွှေစင်ရွှေပြား ၆၆၈ ချပ်ကို လှူဒါန်းခဲ့ကြောင်း၊ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၅ ရက်က ကျင်းပခဲ့ပြီး အလှူရှင် ၇၂ ဦးက ရွှေစင်ရွှေပြား အချပ် ၁၉၀ ကို လှူဒါန်းခဲ့ကြောင်း၊ စက်တင်ဘာ ဒုတိယပတ်တွင် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ကျင်းပမည်ဖြစ်သဖြင့် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဒဂုံပေါ့ အသင်းကို ထိုက်တန်စွာ ဂိုးပြတ် အနိုင်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက်

**နေပြည်တော် စက်တင်ဘာ ၈**

Myanmar National League 2024-2025 အမှတ်ပေး ဘောလုံးပြိုင်ပွဲ(Week-9) ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ညနေက သုဝဏ္ဏကွင်း၌ ဒဂုံပေါ့အသင်းနှင့် ရန်ကုန် ယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး ရန်ကုန်ယူနိုက်တက် အသင်းက ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပွဲစတင်သည်နှင့် တစ်ပြိုင်နက် ဒဂုံပေါ့အသင်းဘက်သို့ အကောင်းဆုံး တိုက်စစ်ဆင်ကစားနိုင်ခဲ့သည့်အပြင် တစ်ပွဲလုံးနီးပါး တိုက်စစ်ဆင် ကစားသွားနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ပွဲချိန် ၃၊ ၃၇၊ ၆၉ မိနစ်များတွင် ဥက္ကာနိုင်(ဟက်ထရစ်)၊ ပွဲချိန် ၄၅+၁ မိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၅၉ မိနစ်တွင် ဒေးဗစ်ထန်း၊ ပွဲချိန် ၆၂ မိနစ်တွင် လမင်းထွေးတို့က အသီးသီးသွင်းယူပေးခဲ့ကြပြီး ဒဂုံပေါ့အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် စည်သူနိုင်က သွင်းယူပေးခဲ့သည်။

(NGB)

0-0-0-0-0

